# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ဒသမပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | တမူးမြို့နယ်သို့ မဟာဓာတ်အားလိုင်းသွယ်တန်းပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနက မည်သို့စီမံ ဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | မင်းတုန်းမြို့နယ်အတွင်းရှိ ကျေးရွာများအား လျှပ်စစ်မီးရရှိနိုင်ရန် လျှပ်စစ်ဓာတ်အားလိုင်း လိုအပ်ချက် များအတွက် 66/11 KV ၊ 5MVA ဓာတ်အားခွဲရုံ(၂)ရုံအား ထပ်မံတိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | မြို့နယ်အတွင်း၌ လျှပ်စစ်ဓာတ်ကြိုးဖြတ်တောက်ပြီး မြေပြင်သို့ ပြုတ်ကျမှုများကြောင့် ဓာတ်လိုင်း သေဆုံးမှုများဖြစ်ပေါ်လျက်ရှိရာ ဓာတ်လိုက်မှုကို ကာကွယ်မှုပေးနိုင်သော SAC လျှပ်ကာ ဓာတ်ကြိုးများ လွှဲလှယ်မှုကို မည်ကဲ့သို့အစီအမံချပြီး ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၈ | ရသေ့တောင်မြို့တွင် ပြည်သူလူထုသောက်သုံးရေဖူလုံစွာရ ရှိစေရန် အတွက် ကန်တော်ကြီးအား တိုးချဲ့ပြုပြင်တူးဖော်ရန်နှင့် ရေပိုက်လိုင်းများစနစ်တကျတပ်ဆင်ပြီး ရေပေးဝေရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၉ | သိန္နီမြို့နယ်၊ ခမ်းတိမ်းကျေးရွာအုပ်စု၊ ဆိုင်းခေါင်ကျေးရွာအနီးရှိ ရေထွက်၏အောက်ဘက်တွင် ဂါလန် ၅၀၀၀၀၀ ဆံ့သော ရေကန်တစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၁၀ | ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲခွင့်ရှိသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ဥပဒေမဲ့ အလွဲသုံးစား မပြုလုပ်နိုင်ရန်နှင့် မုတ္တမပင်လယ်ကွေ့အနီးရှိ သောင်ထွန်းမြေရိုင်းများအား သဘာဝ | ၁၄ |

ဘေားအန္တရာယ် ကာကွယ်ပေးပြီး ဒေသခံပြည်သူ စား၀တ် နေရေးအတွက်
မည်သို့စီမံခန့်ခွဲပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်း သည့်မေးခွန်း

၁၁ တိုင်းပြည်ဘဏ္ဍာနှင့် ငွေကုန်ကြေးကျခံတည်ဆောက်ခဲ့သော အသုံးမတည့်ဖြစ်နေသည့် ဝင်းဖနုံ ရေလှောင်တမံဆည်မှရေကို ရေပြတ်လပ်မှုကြီးထွားလာသည့် သံဖြူဇရပ်မြို့သို့ ပို့လွှတ်ပေးရေးစီမံကိန်း တစ်ရပ် ဖော်ဆောင်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၂၀

၁၂ ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသော ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင် တန်ဖိုးမြှင့်ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်း၌ပင် အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာသို့ဈေးကွက် ချဲ့ထွင်နိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၂၄

၁၃ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း ၂၈

၁၄ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၄၃

၁၅ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၄၇

၁၆ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက် ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၄၉

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့ အစီအစဉ်

# [ ၂၇-၁၁-၂၀၁၈ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၏ **တမူးမြို့နယ်သို့ မဟာဓာတ်အားလိုင်း သွယ်တန်းပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနက မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ခင်သန်းနု၊ မင်းတုန်း မဲဆန္ဒနယ်၏ **မင်းတုန်းမြို့နယ်အတွင်းရှိ ကျေးရွာများအား လျှပ်စစ်မီးရရှိနိုင်ရန် လျှပ်စစ်ဓာတ်အားလိုင်း လိုအပ်ချက်များအတွက် (66/11)KV၊ (5) MVA ဓာတ်အားခွဲရုံ(၂)ရုံအား ထပ်မံတိုးချဲ့ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအတွင်း၌ လျှပ်စစ်ဓာတ်ကြိုး ပြတ်တောက်ပြီး မြေပြင်သို့ ပြုတ်ကျမှုများကြောင့် ဓာတ်လိုက်သေဆုံးမှုများ ဖြစ်ပေါ်လျက်ရှိရာ ဓာတ်လိုက်မှုကို ကာကွယ်မှု ပေးနိုင်သော SAC လျှပ်ကာ ဓာတ်ကြိုးများ လဲလှယ်မှုကို မည်ကဲ့သို့ အစီအမံချပြီး ဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့တွင် ပြည်သူလူထု သောက်သုံးရေဖူလုံစွာ ရရှိစေရန်အတွက် ကန်တော်ကြီး အား တိုးချဲ့ပြုပြင် တူးဖော်ရန်နှင့် ရေပိုက်လိုင်းများ စနစ်တကျ တပ်ဆင်ပြီး ရေပေးဝေရန် အစီအစဉ်ရှိ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၏ **သိန္နီမြို့နယ်၊ ခမ်းတိမ်းကျေးရွာ အုပ်စု၊ ဆိုင်းခေါင်ကျေးရွာအနီးရှိ ရေထွက်၏အောက်ဘက်တွင် ဂါလန် (၅၀၀၀၀၀)ဆံ့သော ရေကန်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲခွင့်ရှိသော မြေလွတ်မြေလပ်မြေရိုင်းများကို ဥပဒေမဲ့ အလွဲသုံးစားမပြုလုပ်နိုင်ရန်နှင့် မုတ္တမပင်လယ်ကွေ့အနီးရှိ သောင်ထွန်းမြေရိုင်းများအား သဘာဝဘေးအန္တရာယ်ကာကွယ်ပေးပြီး ဒေသခံပြည်သူ စားဝတ်နေရေးအတွက် မည်သို့စီမံခန့်ခွဲပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **တိုင်းပြည်ဘဏ္ဍာနှင့် ငွေကုန် ကြေးကျခံတည်ဆောက်ခဲ့သော အသုံးမတည့်ဖြစ်နေသည့် ဝင်းဖနံ ရေလှောင်တမံဆည်မှရေကို ရေပြတ်လပ်မှုကြီးထွားလာသည့် သံဖြူဇရပ်မြို့သို့ ပို့လွှတ်ပေးရေး စီမံကိန်းတစ်ရပ် ဖော်ဆောင် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်က **"လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းမှ ထွက်ရှိလာသော ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင် တန်ဖိုးမြင့် ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်း၌ပင် အရည်အသွေး ပြည့်မီအောင် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"တောင်သူ လယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လွှတ်တော် နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
## ဆဋ္ဌမနေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
## (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

### ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၄ ဦးရှိသည့်အနက် ၃၉၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၄၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၄ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၇ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ရေတာရှည်မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင် ခွင့် ၁ ရက်၊
(၂) အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် ခွင့် ၁ ရက်၊
(၃) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၂ ရက်၊
(၄) ဒေါပုံမဲဆန္ဒနယ်မှ ဦးငွေဝင်းအောင်(ခ)ဦးပြုံးချို ခွင့် ၂ ရက်၊
(၅) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၂ ရက်၊
(၆) ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ ခွင့် ၂ ရက်၊
(၇) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ ခွင့် ၄ ရက်၊
(၈) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၄ ရက်၊
(၉) တနသ်ာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၄ ရက်၊
(၁၀) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၁၁) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၄ ရက်၊
(၁၂) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၄ ရက်၊
(၁၃) နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေလွင်(ခ)ဦးဒီလုံး ခွင့် ၄ ရက်၊
(၁၄) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၂ ရက်၊
(၁၅) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၄ ရက်၊
(၁၆) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၁၇) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၁ ရက်၊
(၁၈) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၄ ရက်၊

(၁၉) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၄ ရက်၊
(၂၀) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် ခွင့် ၁ ရက်၊
(၂၁) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊
(၂၂) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၄ ရက်၊
(၂၃) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၄ ရက်၊
(၂၄) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင် ခွင့် ၄ ရက်၊
(၂၅) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန် ခွင့် ၂ ရက်၊
(၂၆) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ ခွင့် ၂ ရက်၊
(၂၇) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၄ ရက်၊
(၂၈) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း ခွင့် ၂ ရက်၊
(၂၉) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၂ ရက်၊
(၃၀) ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးစိုးဌွေး ခွင့် ၂ ရက်၊
(၃၁) လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် ခွင့် ၁ ရက်၊
(၃၂) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၂ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၄ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တမူးမြို့နယ်သို့ မဟာဓာတ်အားလိုင်းသွယ်တန်းပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနက မည်သို့စီမံဆောင်ရွက်ပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်သို့ မဟာဓာတ်အားလိုင်းသွယ်တန်းပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းအား မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်ဟာ လူဦးရေ ၁၂၇၀၀၀ ဝန်းကျင်ရှိပြီး မြန်မာနိုင်ငံရဲ့ အနောက်မြောက် အိန္ဒိယ-မြန်မာနယ်စပ်ဒေသမှာ တည်ရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့မှာ အိန္ဒိယနိုင်ငံ၊ မဏိပူရလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကုမ္ပဏီမှ လျှပ်စစ်ဓာတ်အားကို ဝယ်ယူအသုံးပြုနေပြီး တစ်ယူနစ်ကို နှစ်ရာကျပ်နှုန်းဖြင့် သုံးစွဲသူများကို ဖြန့်ဖြူးရောင်းချနေပါတယ်။ လတ်တလောမှာ တမူးမြို့နေပြည်သူတွေအတွက် လျှပ်စစ်မီးလိုအပ်ချက် ပြည့်စုံသွားတာမှန်ပေမဲ့ ရေရှည်မှာ လျှပ်စစ်မီးသုံးစွဲမှုများလာတာနဲ့အမျှ ကုန်ကျစရိတ်များပြားမှုကို ဖြစ်ပေါ်စေမှာပါ။ ကျေးရွာများကို သွယ်တန်းပါကလည်း ဓာတ်အားခကြီးမြင့်တဲ့အတွက် ကျေးရွာနေပြည်သူများအတွက် သုံးစွဲရန်ခက်ခဲစေမှာဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အသုံးစရိတ်မှ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအတွက် ၂၂.၂၄ ရာခိုင်နှုန်းကို အသုံးပြုမယ်လို့ သိရပါတယ်။ သို့ပေမဲ့လည်း တမူးမြို့နယ်အတွက် မဟာဓာတ်အားလိုင်းသွယ်တန်းရန် ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ရန်ပုံငွေလျာထားတာ မတွေ့ရှိပါဘူး။ ၂၁-၉-၂၀၁၆ ရက်နေ့က အမျိုးသားလွှတ်တော်မှာ တမူးမဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က တမူးမြို့နယ်အတွက် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် မေးမြန်းရာမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေရရှိရေး ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ကို ဖြေကြားထားတာကို တွေ့ရပါတယ်။ ဒီအဖြေဟာလည်း လွှတ်တော်ကတိမဖြစ်လို့လားမသိပါဘူး။ ဒီနေ့အထိတော့ ဓာတ်အားလိုင်းသွယ်တန်းဖို့ မလုပ်နိုင်သေးပါဘူး။ ၃၀-၈-၂၀၁၇ ရက်နေ့ကလည်း ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ဖောင်းပြင်မဲဆန္ဒနယ် ကိုယ်စားလှယ်၏ ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိရေး မေးခွန်းနဲ့ပတ်သက်ပြီး ကလေး-တမူး-မြို့သစ်-ဖောင်းပြင်သို့ လျှပ်စစ်ဓာတ်အားသွယ်တန်းရာမှာ ၂၀၁၉-၂၀၂၀ ခုနှစ်မှာ ကလေး-တမူးဓာတ်အားလိုင်း မိုင် ၉၀ နဲ့ ၂၃၀

ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်ခြင်းကို ရန်ပုံငွေတောင်းခံပြီး ၂၀၂၁-၂၀၂၂ ခုနှစ်မှာ တည်ဆောက်ပြီးစီးရန် ရည်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားထားတာကိုလည်း တွေ့ရပါတယ်။

သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်သို့ မဟာဓာတ်အားလိုင်းသွယ်တန်းပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနက မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ လျှပ်စစ်ဓာတ်အားတိုးတက်ဖြန့်ဖြူးနိုင်ရန်အတွက် ၂၃၀ ကေဗွီ ဂန့်ဂေါ-ကလေး ဓာတ်အားလိုင်းကို တည်ဆောက်ပြီးစီးသွားပြီဖြစ်တဲ့အတွက်ကြောင့် ကလေးမြို့အထိကို မဟာဓာတ်အားလိုင်းစနစ်ကနေ ၈-၂-၂၀၁၆ ရက်နေ့မှစတင်ပြီး လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးထားတာဖြစ်ပါတယ်။ တမူးခရိုင်၊ တမူးမြို့နယ်အထိ ဓာတ်အားစနစ်ကနေ ဓာတ်အားပေးနိုင်ဖို့ရာအတွက် လျှပ်စစ်ဓာတ်အားရောက်ရှိနေပြီးဖြစ်တဲ့ ကလေးမြို့ကနေပြီးတော့ တမူးမြို့အထိ ၂၃၀ ကေဗွီဓာတ်အားလိုင်း မိုင် ၉၀ တည်ဆောက်ကာ တမူးမြို့မှာ ၂၃၀ ကေဗွီဓာတ်အားခွဲရုံစီမံကိန်းကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်ခင်ဗျား။ အဆိုပါစီမံကိန်းဟာ ဝန်ကြီးဌာနရဲ့ Master Plan မှာပါရှိသော စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ဒီအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကနေစပြီး နှစ်စဉ်ဘတ်ဂျက်ရန်ပုံငွေမှာ ထည့်သွင်းလျာထားခဲ့သော်လည်းပဲ ရန်ပုံငွေကန့်သတ်မှုအရ တည်ဆောက်ဆောင်ရွက်နေဆဲ စီမံကိန်းလုပ်ငန်းများအတွက်သာ ဘတ်ဂျက်ကိုမျှတသုံးစွဲနေရပြီးတော့ စီမံကိန်းအသစ်များအတွက် ဘတ်ဂျက်ခွဲဝေရရှိခြင်းမရှိတဲ့အတွက်ကြောင့် ကလေး-တမူးဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံစီမံကိန်းကို စတင်နိုင်ခြင်းမရှိသေးတာဖြစ်ပါတယ်ခင်ဗျား။ အဆိုပါ ၂၃၀ ကေဗွီ ကလေး-တမူး ဓာတ်အားလိုင်း မိုင် ၉၀ နဲ့ ၂၃၀ ကေဗွီ တမူးဓာတ်အားခွဲရုံစီမံကိန်းကို ဆောင်ရွက်နိုင်ရန်အတွက် ရန်ပုံငွေအားဖြင့် ၁၀၇ ဘီလီယံကျပ် လိုအပ်ပြီးတော့ နိုင်ငံခြားငွေတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၆.၆ သန်း လိုအပ်တာဖြစ်ပါတယ်။ အဆိုပါစီမံကိန်းကို အခုအခါမှာ Myanmar Sustainable Development Plan မှာလည်း ထည့်သွင်းလျာထားပြီးတော့ အိန္ဒိယနိုင်ငံချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၃၀ အောက်က ရယူဆောင်ရွက်ခွင့်ပြုရန်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနထံ အဆိုပြုတင်ပြထားဆဲအခြေအနေဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**မင်းတုန်းမြို့နယ်အတွင်းရှိ ကျေးရွာများအား လျှပ်စစ်မီးရရှိနိုင်ရန် လျှပ်စစ်ဓာတ်အားလိုင်း လိုအပ်ချက်များအတွက် 66/11 KV ၊ 5MVA ဓာတ်အားခွဲရုံ(၂)ရုံအား ထပ်မံတိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်သန်းနု(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မင်းတုန်းမြို့ဟာ ပုသိမ်-မုံရွာလမ်းမကြီးနဲ့ ၃ မိုင် ၄ ဖာလုံ ကွာဝေးပြီး ရပ်ကွက်လေးခု၊ ကျေးရွာအုပ်စု ၇၂ အုပ်စုတို့နှင့် ကျေးရွာပေါင်း ၁၇၆ ရွာရှိတဲ့ မြို့တစ်မြို့ဖြစ်ပြီး လျှပ်စစ်မီးရရှိရေးလိုအပ်နေတဲ့မြို့ဖြစ်ပါတယ်။ ဒါကြောင့် မင်းတုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှာ လိုအပ်နေတဲ့ လျှပ်စစ်မီးရရှိရေးအတွက် 66/11 KV 5MVA ဓာတ်အားခွဲရုံနှစ်ရုံအား တိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါကတော့ မင်းတုန်းမြို့နယ်အတွင်း မဲဇလီ ကျောက်တိုင်ရွာများမှာ 66/11 KV 5MVA ဓာတ်အားခွဲရုံ နှစ်ရုံ တည်ဆောက်ပြီးစီးပါက ဓာတ်အားဖြန့်ဖြူးပေးနိုင်မည့် ကျေးရွာများ တည်နေရာပြမြေပုံဖြစ်ပါတယ်။ မြားပြထားတဲ့ စိမ်းနုရောင်လိုင်းဟာ ဥသျှစ်ပင်-ကံမမှ မင်းတုန်းမြို့နယ်ခွဲရုံကို ပို့လွှတ်တဲ့ ဓာတ်အားလိုင်းဖြစ်ပါတယ်။ မဲဇလီ ကျေးရွာဓာတ်အားခွဲရုံအတွက် ပြထားတဲ့ပုံလည်းဖြစ်ပါတယ်။ မဲဇလီကျေးရွာဟာ မင်းတုန်းမြို့နဲ့ ၁၅ မိုင်အကွာမှာရှိပြီး ဥသျှစ်ပင်-ကံမ-မင်းတုန်း 66 KV ဓာတ်အားလိုင်းနှင့် တစ်မိုင်အနီးအကွာမှာရှိတဲ့ ရွာဖြစ်ပါတယ်။ ကျေးရွာ ၅၅ ရွာကို အကျိုးပြုမှာဖြစ်ပါတယ်။ ဒါကတော့ ကျောက်တိုင်ကျေးရွာ ဓာတ်အားခွဲရုံအတွက် ပြထားတဲ့ပုံဖြစ်ပါတယ်။ ကျောက်တိုင်ကျေးရွာမှာ မင်းတုန်းမြို့နှင့် မိုင် ၂၀ ကွာဝေးပြီး ကျေးရွာ ၄၃ ရွာကို အကျိုးပြုမှာဖြစ်သလို တိုက်နယ်ဆေးရုံရှိတဲ့ရွာလည်းဖြစ်ပါတယ်။ ထိုကျေးရွာများကို မင်းတုန်းခွဲရုံမှ ဓာတ်အားပေးပို့မယ်ဆိုပါက အလွန်ဝေးကွာတဲ့အတွက် ဓာတ်အားပျောက်ဆုံးမှုများ၊ ဗို့အားကျဆင်းမှုများ လိုင်းဖော့များဖြစ်နိုင်ပြီး ဓာတ်အားခွဲရုံရဲ့ဝန်အား နိုင်နင်းမှုမရှိနိုင်ခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း အဆင်မပြေနိုင်ဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအနေဖြင့် တည်ငြိမ်ပြီး ယုံကြည်စိတ်ချမှုရှိတဲ့ ဓာတ်အားဖြန့်ဖြူးမှုစနစ်ရရှိနိုင်ရန်အတွက် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းပဲဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းနု မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်း

အား ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြု ပါရန် တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်ကြီး၏မေးခွန်းပါ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ်အတွင်းရှိ မဲဇလီကျေးရွာဟာ မင်းတုန်းမြို့ရဲ့တောင်ဘက် ၁၅ မိုင်ခန့်အကွာမှာ တည်ရှိပြီး၊ ကျောက်တိုင်ကျေးရွာသည် မင်းတုန်းမြို့ရဲ့ မြောက်ဘက် မိုင် ၂၀ ခန့်အကွာမှာ တည်ရှိပါ တယ်။ လက်ရှိ လျှပ်စစ်ဓာတ်အားရရှိပြီး ခွဲရုံတည်ရှိနေတဲ့ မင်းတုန်းမြို့ဟာ အဆိုပါ ဒေသနှစ်ခုရဲ့ အလယ်လောက်မှာ တည်ရှိတာကို Power Point ပေါ်မှာ တင်ပြထားတာဖြစ်ပါတယ်ခင်ဗျား။ မဲဇလီ ကျေးရွာအပါအဝင် အနီးပတ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာပေါင်း ရွာ ၄၀ ခန့် ဓာတ်အားရရှိနိုင်ရန်အတွက် 66 KV ဥသျှစ်ပင်-ကံမ-မင်းတုန်း ဓာတ်အားလိုင်းမှနေပြီးတော့ 66 KV ဓာတ်အားလိုင်းအဝင်/အထွက် နှစ်မိုင်ခန့်နှင့် မဲဇလီကျေးရွာမှာ 66/11 KV 5MVA ဓာတ်အားခွဲရုံ တစ်ရုံတည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှာလည်းကောင်း၊ ကျောက်တိုင်ကျေးရွာ အပါအဝင် အနီးပတ်ဝန်းကျင်ရှိကျေးရွာများ ရွာ ၃၀ ခန့် လျှပ်စစ်ဓာတ်အားရရှိရန် 66 KV မင်းတုန်း ဓာတ်အားခွဲရုံမှ ကျောက်တိုင်ကျေးရွာအထိ 66 KV ဓာတ်အားလိုင်း မိုင် ၂၀ နှင့် ကျောက်တိုင်ကျေးရွာ မှာ 66/11 KV 5MVA ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင်လည်းကောင်း ထည့်သွင်းလျာထားတင်ပြ တောင်းခံ ကာ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မြို့နယ်အတွင်း၌ လျှပ်စစ်ဓာတ်ကြိုးဖြတ်တောက်ပြီး မြေပြင်သို့ပြုတ်ကျမှုများကြောင့် ဓာတ်လိုင်း သေဆုံးမှုများဖြစ်ပေါ်လျက်ရှိရာ ဓာတ်လိုက်မှုကို ကာကွယ်မှုပေးနိုင်သော SAC လျှပ်ကာ ဓာတ်ကြိုးများ လွဲလှယ်မှုကို မည်ကဲ့သို့အစီအမံချပြီးဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်သည် တော်များကို အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကျောက်တံတား မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာ နိုင်ငံနှင့်ရန်ကုန်တိုင်းအတွင်းတွင် လျှပ်စစ်ကြိုးပြတ်တောက်ပြီး မြေပြင်သို့ကျပြီး ဓာတ်လိုက်သေဆုံး မှုများဖြစ်ပေါ်လျက်ရှိသည်ကို ကျွန်တော်တို့တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ အဲဒီ SAC လျှပ်စစ်ကာ ကြိုးများကို ဘယ်လိုလဲမလဲဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါ တယ်။ ဒါကတော့ ကျွန်တော်တို့ လွန်ခဲ့တဲ့မိုးရာသီက ၈ တန်းကျောင်းသား အပြစ်မဲ့ကျောင်းသားတစ်ဦး ဓာတ်လိုက်သေဆုံးမှုကို ရန်ကုန်မြို့မှာဖြစ်ခဲ့တာဖြစ်ပါတယ်။ ဒီဥစ္စာကတော့ ကျွန်တော်တို့ မသေသင့်တဲ့ ကလေးငယ်တွေ၊ ပြည်သူလူထုတွေအသက်ဆုံးရှုံးခဲ့ရတဲ့ ကိစ္စဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လက်ရှိရန်ကုန်တိုင်းအတွင်းမှာ လျှပ်စစ်ကြိုးကိုသွယ်တန်းထားပြီး တည်ဆောက်ထားတဲ့ စနစ်ဖြစ်ပါ တယ်။ ဒါကတော့ ကျွန်တော်တို့နိုင်ငံရဲ့ လျှပ်စစ်လုပ်သားများ အန္တရာယ်ကြီးစွာရင်ဆိုင်နေရပြီးတော့

တစ်ခုခုဆိုရင် အကာအကွယ်မရှိဘဲနဲ့ ဒါအသက်နှင့်စွန့်စားပြီးလုပ်ပြီးတော့ ထိခိုက်သေကြေရတဲ့ ဖြစ်စဉ်တွေလည်း အများကြီးရှိခဲ့ပါတယ်။ ဒီသွယ်တန်းမှုစနစ်ကတော့ ကျွန်တော်တို့ အိမ်နီးနားချင်း နိုင်ငံက သွယ်တန်းထားတဲ့ စနစ်တွေဖြစ်ပါတယ်။ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲလာတာနှင့်အညီ လျှပ်စစ်သွယ်တန်းမှုတွေဟာလည်း နိုင်ငံတကာမှာ လူတွေမထိခိုက်အောင်၊ အသက်အန္တရာယ်တွေ ကင်းလွတ်မှုဖြစ်အောင် ပြုပြင်ပြောင်းလဲတပ်ဆင် သုံးစွဲနေပါပြီ။ ဒါကတော့ ကျွန်တော်တို့ အိမ်နီးနားချင်း နိုင်ငံမှာ SAC ကြိုးများနှင့် စနစ်တကျနဲ့ သွယ်တန်းထားတဲ့ပုံစံ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ လျှပ်ကာ SAC ကြိုးများနဲ့ သုံးထားပါတယ်။ High Voltage, Lower Voltage တို့ကို လည်း စနစ်တကျနဲ့ အထက်အောက်ကို သွယ်တန်းထားတဲ့စနစ် ဖြစ်ပါတယ်။ ဒါကတော့ သွယ်တန်း နည်း ပုံစံတစ်မျိုးဖြစ်ပါတယ်ခင်ဗျား။ Power Point ပိတ်လို့ရပါပြီ။ သို့ဖြစ်ပါ၍ လျှပ်စစ်ဝန်ကြီးဌာန အနေနဲ့ အသက်မဲ့သေဆုံးမှုများ ဖြစ်ပေါ်နေတဲ့အတွက် ပြည်သူများနှင့် လျှပ်စစ်ဝန်ထမ်းများ ဒီဓာတ်လိုက်သေဆုံးမှု၊ ဓာတ်ကြိုးပြတ်ကျတဲ့အခါလည်း သက်သာတဲ့ SAC ကြိုးများကို ဘယ်လို System Method နဲ့ သွယ်တန်းပြီးဆောင်ရွက်နေသည်ကို သိရှိလိုပါသဖြင့် ပြည်သူ့ လူထုကိုယ်စား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါ တယ်။

## ဖြေကြားချက်

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေမျိုးထက် မေးမြန်းတဲ့ မြန်မာနိုင်ငံနှင့်ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် လျှပ်စစ်ကြိုးပြတ်တောက်ပြီး မြေပြင်သို့ပြုတ်ကျ မှုများကြောင့် ဓာတ်လိုက်သေဆုံးမှုများဖြစ်ပေါ်သည်ကိစ္စများဟာ ဓာတ်လိုက်မှုအန္တရာယ်က သက်သာ မှု၊ ကာကွယ်မှုပေးနိုင်သော SAC လျှပ်ကာဓာတ်ကြိုးများလဲလှယ်မှု မည်ကဲ့သို့ စီမံဆောင်ရွက် နေသည်ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနအနေနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစပြီးတော့ အသစ်တိုးချဲ့ပြီးတော့ ထပ်မံ တည်ဆောက်တဲ့ ၄၀၀ ဗို့ဓာတ်အားလိုင်းတွေမှာ ယခင်ကကဲ့သို့ လျှပ်ကာမပါသော Bare Conductor ကြိုးများကို သုံးစွဲခြင်းမပြုတော့ဘဲနဲ့ လျှပ်စစ်အန္တရာယ်ကင်းရှင်းရန်နှင့် ဓာတ်လိုက်မှုအန္တရာယ် လျော့ကျစေဖို့အတွက် လျှပ်ကာပါတဲ့ Insulated Cable များဖြင့် နှစ်စဉ်ဘဏ္ဍာငွေမှာလျာထားပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးတာ ဖြစ်နေပါတယ်။ မူလက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မတိုင်ခင် ယခင်နှစ်ပေါင်း ၅၀၊ ၆၀ အတွင်းတည်ဆောက်ခဲ့တဲ့ ၄၀၀ ဗို့ဓာတ်အားလိုင်းကြိုးတွေကတော့ လျှပ်ကာကြိုးမပါသော ဓာတ်ကြိုးများဖြစ်ပါတယ်။ Power Point ဖြင့်ရှင်းလင်းတင်ပြခွင့်ပြုပါရန် ခွင့်ပန်ကြားအပ်ပါတယ်။ ဒီအတွက်ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းမှာ 11 KV ဓာတ်အားလိုင်း စုစုပေါင်း ၁၆၁၄.၅၆ မိုင်ကို ယခုအခါမှာ လျှပ်ကာပါတဲ့ Space Area Cable (SAC) ကြိုးများဖြင့်လည်းကောင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများမှာ လျှပ်ကာပါတဲ့ Area Bundle

Conductor ပါတဲ့ ABC Cable များ ၇၇၃၉.၆၀၉ မိုင်ကိုလည်းကောင်း အစားထိုးလဲလှယ်ပြီး ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ယခင်တည်ဆောက်ခဲ့တဲ့ လျှပ်စစ်ဓာတ်အားလိုင်းတွေဟာ လျှပ်ကာမပါခဲ့တဲ့အတွက်ကြောင့် ၎င်းတို့ကို လျှပ်ကာပါတဲ့ကြိုးများနဲ့ Agratech လုပ်ဖို့ ကြိုးစားတဲ့အခါမှာ နှစ်စဉ်ဘဏ္ဍာငွေရရှိမှုအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့ ချင့်ချိန်ဆောင်ရွက်ကာ တက်နိုင်သမျှ ဦးစားပေးအစီအစဉ်နှင့် ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၆ ခုမှာလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစပြီးတော့ 11 KV ဓာတ်အားလိုင်း ၃၈၉.၁၃၇ မိုင်နှင့် SAC Cable များဖြင့်လည်းကောင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၃၄၁.၀၁၂ မိုင်ကို ABC Cable များဖြင့်လည်းကောင်းလဲလှယ်ရန် ယခု ဘဏ္ဍာရေးနှစ်အတွင်းမှာ လျာထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွင်းမှာ 11 KV ဓာတ်အားလိုင်း ၁၄.၂၃၇ မိုင်ကို SAC Cable များဖြင့်လည်းကောင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂၉.၉၁၉ မိုင်ကို ABC Cable များဖြင့်လည်းကောင်း ၂၀၁၈-၂၀၁၉ ယခုဘဏ္ဍာရေးနှစ်အတွင်းမှာ လဲလှယ်ဆောင်ရွက်သွားရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ကြီးဌာနရဲ့ ကြီးကြပ်ကွပ်ကဲမှုနှင့် ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်းကနေပြီးတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ပြည်သူတွေ လျှပ်စစ်အန္တရာယ်မဖြစ်စေရေးအတွက် လူသွားလူလာထူထပ်များပြားတဲ့ ဈေးတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ၊ ဘူတာတွေ၊ ကားဂိတ်တွေ စတဲ့ အရပ်ဒေသတွေမှာ နှစ်ကာလကြာရှည်စွာတည်ဆောက်ထားခဲ့တဲ့ 11 KV သို့မဟုတ် 6.6 KV လျှပ်ကာ မပါတဲ့ ACSR ဓာတ်ကြိုးများကို လျှပ်ကာပါသော Space Area Cable (SAC) များနှင့်လဲလှယ်ခြင်း၊ ၄၀၀ ဗို့ရိုးရိုးကြေးကြိုးများအစား Insulator ပါတဲ့ ABC Cable များဖြင့်လဲလှယ်ခြင်း၊ ရှုပ်ထွေး Service များ ရှင်းလင်းခြင်းလုပ်ငန်းများကို အစဉ်တစိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ အရှေ့ပိုင်းခရိုင်အတွင်းမှာ လျှပ်ကာမပါတဲ့ ACSR ကြိုးများအစား လျှပ်ကာပါတဲ့ SAC Cable ၃၄.၂၂၄ မိုင် ပြောင်းလဲတည်ဆောက်ခြင်း၊ ၄၀၀ ဗို့ HTBC ကြေးကြိုးများနေရာမှာ လျှပ်ကာပါသော APC Cable ၄၀.၈၉ မိုင်လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

အနောက်ပိုင်းခရိုင်အတွင်းမှာ SAC Cable နှင့်ပြောင်းလဲခြင်းကို ၂၆.၂၆ မိုင်၊ ၄၀၀ ဗို့ ABC Cable ကြိုးများဖြင့် ၂၁.၄ မိုင်ပြောင်းလဲခြင်းကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ တောင်ပိုင်းခရိုင်အတွင်းမှာ SAC Cable ကြိုးများဖြင့် ပြောင်းလဲတည်ဆောက်ခြင်းကို ၁၃.၃၅ မိုင်၊ ၄၀၀ ဗို့ ABC Cable များပြောင်းလဲတည်ဆောက်ခြင်းကို ၄၉.၅၄ မိုင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ မြောက်ပိုင်းခရိုင်အတွင်းမှာ SAC Cable ကြိုးများပြောင်းလဲတည်ဆောက်ခြင်းကို ၅၁.၃၂ မိုင် ABC ကြိုးများပြောင်းလဲတည်ဆောက်ခြင်းကို ၇၈.၂၅၅ မိုင် တည်ဆောက်ခဲ့ပြီးဖြစ်ပါတယ်။ တင်ပြပါ မှတ်တမ်းဓာတ်ပုံများဟာ SAC Cable ကြိုးများနဲ့ ပြောင်းလဲတည်ဆောက်ပေးတဲ့ မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ ဒါဟာ တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့မှာ ပြောင်းလဲဆောင်ရွက်သွားတဲ့ မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ ကျွန်တော်တို့ အစားထိုးလဲလှယ်နိုင်ခြင်းမရှိသေးတဲ့နေရာများမှာ လျှပ်စစ်အန္တရာယ်မဖြစ်ပွားရေးအတွက်ကို လက်ရှိဓာတ်အားပေးထားတဲ့ လျှပ်ကာမပါတဲ့ ၄၀၀ ဗို့ဓာတ်အားလိုင်းနေရာများမှာ လျှပ်ထိန်းကြိုးများ၊ ပုခက်ကြိုးများတပ်ဆင်ခြင်း၊ ဓာတ်အားလိုင်း ကြိုးချင်းထိန်း

Linking Rope များတပ်ဆင်ခြင်း၊ မြေခတ်ချကြိုးများတပ်ဆင်ခြင်းများကိုလည်း မြို့နယ်များအလိုက်မှာ ဆောင်ရွက်ထားရှိပါတယ်။ ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဟောင်းနွမ်းဆွေးမြည့်နေတဲ့ ၄၀၀ ဗို့ ခတ်အားလိုင်းကြိုးနေရာများမှာ ABC Cable များဖြင့် ထပ်မံလဲလှယ်နိုင်ရန်အတွက် ပထမဦးစားပေးအဆင့်အဖြစ် မိုင် ၅၀၀ ခန့်ဆောင်ရွက်နိုင်ရန် လိုအပ်တဲ့ပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် တင်ဒါခေါ်ယူထားပြီး ပစ္စည်းများရောက်ရှိလာလို့ရှိရင် ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းမှာ အမြန်လဲလှယ်နိုင်ရန် စီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ခတ်လိုက်မှုအန္တရာယ်လျော့ကျရေးအတွက် Insulated Cable များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများနှင့် အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ်မှာ မူတည်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ ဖြေကြားပေးသွားသော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကို ကျေးဇူးတင်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ရသေ့တောင်မြို့တွင် ပြည်သူလူထုသောက်သုံးရေဖူလုံစွာရရှိစေရန်အတွက် ကန်တော်ကြီးအား တိုးချဲ့ပြုပြင်တူးဖော်ရန်နှင့် ရေပိုက်လိုင်းများစနစ်တကျတပ်ဆင်ပြီး ရေပေးဝေရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ ကျွန်မမေးမယ့်မေးခွန်းက ရသေ့တောင်မြို့တွင် ပြည်သူလူထုသောက်သုံးရေဖူလုံစွာ ရရှိစေရေးအတွက် ကန်တော်ကြီးအား တိုးချဲ့ပြုပြင်တူးဖော်ရန်နှင့် ရေပိုက်လိုင်းများ စနစ်တကျ တပ်ဆင်ပြီး ရေပေးဝေရန်အစီအစဉ်ရှိ/မရှိပဲ ဖြစ်ပါတယ်ရှင်။ Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ရှင်။ တည်နေရာကတော့ ရသေ့တောင်မြို့ရဲ့မြောက်ဘက် ခနောင်းကြီးကျေးရွာအုပ်စု အတွင်းမှာရှိတဲ့ ကန်တော်ကြီးသောက်ရေသန့် တာပေါင်အမှတ်(၂)အနီးမှာ တည်ရှိပါတယ်။ လက်ရှိအခြေအနေမှာဆိုလို့ရှိရင် ဒီကန်တော်ကြီးသောက်ရေကန်ဆိုရင် သဘာဝမိုးရေလှောင်ကန်ဖြစ်ပြီးတော့ နှစ်ကာလကြာမြင့်သည်နှင့်အလျောက် ဒီနုန်းတွေဖို့နေတဲ့အတွက် သိုလှောင်ရေပမာဏနည်းပါးလျက်ရှိပါတယ်။ မိုးရွာသွန်းမှုနည်းပါးတဲ့နှစ်မှာဆိုလို့ရှိရင် သောက်သုံးရေအခက်အခဲများကို အများကြီးကြုံတွေ့ရလျက်ရှိပါတယ်။ ဒါ့အပြင် ရေပေးဝေတဲ့စနစ်မှာဆိုရင်လည်း ရေထုတ်ပြွန်ကွန်ကျူ့မှတစ်ဆင့် Gravity Flow ဖြင့် တိုက်ရိုက်ပေးဝေရတဲ့အတွက် အလေအလွင့်များခြင်း၊ မြေနိမ့်ရပ်ကွက်များမှာ ရေပိုလျှံသော်လည်း ကုန်းမြင့်ရပ်ကွက်တွေမှာတော့ ရေလုံးဝမရခြင်း စတဲ့ အခက်အခဲများကိုလည်း ကြုံတွေ့နေကြရပါတယ်။ ကျွန်မတို့ ရသေ့တောင်မြို့ပေါ်မှာဆိုရင် ရပ်ကွက်လေးရပ်ကွက်ရှိပါတယ်။ အိမ်ခြေကတော့ ၂၀၁၇ ခုနှစ် ဧပြီလမှာစိစစ်ထားတဲ့အတွက် ၁၄၈၄ ဖြစ်နေပါတယ်။ အခုတော့ ၁၅၀၀ ကျော်နေပါပြီ။ လူဦးရေကလည်း ၈၀၀၀ နီးပါးလောက်ဖြစ်နေတာဖြစ်ပါတယ်။ ဒီဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်ကို ခုနစ်ချက်နဲ့ ရေးဆွဲထားပါတယ်။ နောက်တစ်ခါ လက်ရှိအခြေအနေအရ ရသေ့တောင်

မြို့မှာ မဟာဓာတ်အားလိုင်းမရရှိသေးတဲ့အတွက် ရေတင်စက်အင်ဂျင်နှစ်လုံး ရေစုပ်တင်ရမယ်လို့ ပါရှိပါတယ်။ ဒါပေမဲ့ အခုချိန်မှာ ရသေ့တောင်မြို့မှာ မဟာဓာတ်အားလိုင်းရရှိပြီးဖြစ်တဲ့အတွက် ခန့်မှန်းကုန်ကျမည့်ငွေဟာ ၅၁၀.၀၀ ကျပ်သန်းထက် လျော့နည်းသွားမှာဖြစ်ပါတယ်ရှင့်။

ဒါကတော့ ရသေ့တောင်မြို့နယ် သောက်သုံးရေပေးဝေရေးစီမံကိန်း ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ထားတာကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒါလည်းအတူတူပါပဲ။ ဒါကတော့ ရသေ့တောင် မြို့ပေါ်မှာ အဓိကရေပိုက်လိုင်းများကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒါက ကျွန်မတို့ရဲ့ ကန်တော်ကြီး အခြေအနေဖြစ်ပါတယ်။ ဒါကလည်း အတူတူပါပဲ။ ဒါကတော့ ကျွန်မတို့ ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအမှုဆောင်အရာရှိကို ပြည်နယ်အစိုးရက အကြောင်းကြားခဲ့တဲ့စာပဲဖြစ်ပါတယ်။ အသေးစိတ်တွက်ချက်မှုစာရင်းဇယားအတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တင်ပြထားရှိမှု အပေါ်မှာ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ကျင်းပပြုလုပ်တဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၃၇/၂၀၁၇) ဆုံးဖြတ်ချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းရေးဆွဲရန် ဆုံးဖြတ်ထားရှိမှုကို အကြောင်းကြားခဲ့တဲ့စာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မှာ ဘဏ္ဍာငွေထည့်သွင်းရေးဆွဲခဲ့ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်မရဲ့ မဲဆန္ဒရှင်ပြည်သူများ သောက်သုံးရေဖူလုံစွာတစ်ပြေးညီရရှိစေရေးအတွက် လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြား ပေးမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ပြည်သူ လူထု သောက်သုံးရေဖူလုံစွာရရှိဖို့အတွက် ကန်တော်ကြီးကို တိုးချဲ့ပြုပြင်တူးဖော်ဖို့နဲ့ ရေပိုက်လိုင်းများ စနစ်တကျတပ်ဆင်ရေပေးဝေဖို့ အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းထားခြင်းဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရသေ့တောင်မြို့နယ်မှာ ပြည်သူလူထုသောက်သုံးရေဖူလုံစွာရရှိစေဖို့ အတွက် ကန်တော်ကြီးတိုးချဲ့ပြုပြင်ခြင်းနှင့် မြို့နယ်အိမ်ခြေအားလုံး ရေပေးဝေဖို့ ရေပိုက်လိုင်းများ စနစ်တကျတပ်ဆင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ဖို့အတွက် စိစစ် တွက်ချက်မှုအရ ခန့်မှန်းကုန်ကျငွေ ကျပ်သန်း ၅၁၀ ကုန်ကျမည်ဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါ ကုန်ကျမည့်ဘဏ္ဍာရန်ပုံငွေကို ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဖြည့်စွက် ရန်ပုံငွေမှာ ထည့်သွင်းလျာထားသွားမှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**သိန္နီမြို့နယ်၊ ခမ်းတိမ်းကျေးရွာအုပ်စု၊ ဆိုင်းခေါင်ကျေးရွာအနီးရှိ ရေထွက်၏အောက်ဘက်တွင် ဂါလန် ၅၀၀၀၀၀ ဆံ့သော ရေကန်တစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဦးခမ်း(သိန္နီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဦးခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ သိန္နီမြို့နယ်၊ ခမ်းတိမ်းကျေးရွာ အုပ်စု၊ ဆိုင်းခေါင်ကျေးရွာအနီးရှိ ရေထွက်ရဲ့အောက်ဘက်မှာ ဂါလံ ၅၀၀၀၀၀ ဆံ့တဲ့ ရေကန်တစ်ခု တည်ဆောက်ပေးဖို့ အစီအစဉ်ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ သိန္နီမြို့အဝင် မြို့ဦးကြာကန်ဟာ ယခုအခါ ရာသီ ဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် နှစ်စဉ်ရေခန်းခြောက်မှုနဲ့ ကြုံတွေ့နေရပါတယ်။ ကြာကန်ကိုအမှီပြုပြီး တော့ လယ်ဧက ၂၀၀ ကျော်ဟာလည်းပဲ ရေမရလို့ စိုက်ပျိုးရေးထုတ်ကုန်များ လျော့နည်းခဲ့ရပါတယ်။ ကြာကန်အတွင်းကိုစီးဝင်နေတဲ့ ချောင်း၊ မြောင်းများ မြို့အတွက် သောက်သုံးရေရရှိရေးအတွက် ချောင်း၊ မြောင်းများ မြစ်ဖျားခံရာရေထွက်ဟာ သိန္နီနဲ့ကွတ်ခိုင်မြို့အစပ် ခမ်းတိမ်းကျေးရွာအုပ်စု၊ ဆိုင်းခေါင်ကျေးရွာအထက်နားမှာ တည်ရှိနေပါတယ်။ ဒီရေထွက်ကနေပြီးတော့ သိန္နီမြို့နယ် စီမံခန့်ခွဲမှု ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်/ကျေး အုပ်ချုပ် ရေးမှူးများ၊ တောင်သူလယ်သမားများပါဝင်တဲ့အဖွဲ့ဟာ အထက်ဖော်ပြပါ ရေထွက်နဲ့ ရေထိန်းသော နေရာကို သွားပြီးတော့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ဒါဟာ ကျွန်တော်တို့ မြို့ဦးကြာကန်ရဲ့ ရေခန်းခြောက်နေပုံများဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ သွားရောက် လေ့လာစစ်ဆေးခဲ့တဲ့အဖွဲ့များ ဖြစ်ပါတယ်။ ဒါ ခုနကတော့ ဒါ ရေထွက်နေရာများကို သွားရောက် ကြည့်ရှုစစ်ဆေးခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ သိန္နီမြို့နယ်၊ ခမ်းတိမ်းကျေးရွာအုပ်စု၊ ဆိုင်းခေါင်းကျေးရွာအနီးမှာရှိနေတဲ့ ရေထွက်ရဲ့အောက်ဘက် ရေကန်တည်ဆောက်နိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာခြင်းများ ဆောင်ရွက်ပေးရန်နှင့် ဂါလန် ၅၀၀၀၀၀ ဆံ့ ရေကန်တစ်ခုတည်ဆောက် ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်စီမံကိန်းနှစ်များတွင် ဆောင်ရွက်ပေးမည်ကို ပြည်သူ လူထုများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

**မူကြမ်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဦးခမ်းရဲ့ သိန္နီမြို့နယ်၊ ခမ်းတိမ်းကျေးရွာအုပ်စု၊ ဆိုင်းခေါင်ကျေးရွာအနီးရှိ ရေထွက်ရဲ့အောက်ဘက်မှာ ဂါလန် ၅၀၀၀၀၀ ဆံ့ရေကန်တစ်ခုတည်ဆောက်ပေးဖို့ အစီအစဉ်ရှိ/မရှိနဲ့ ရှိပါက မည်သည့်စီမံကိန်းနှစ်တွေမှာ ဆောင်ရွက်ပေးနိုင်မယ်ဆိုတဲ့ စပ်လျဉ်းတဲ့မေးခွန်းအပေါ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပေးပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ သိန္နီမြို့နယ် ခမ်းတိမ်းကျေးရွာအုပ်စု၊ ဆိုင်းခေါင်ကျေးရွာအနီးရှိ ရေထွက်မှရေကို အောက်ဘက် (၂)မိုင်ခန့်အကွာ သိန္နီမြို့အဝင်မှာရှိတဲ့ ကြာကန်သို့လည်းကောင်း၊ မြို့ပေါ်ရှိ ဂါလန် ၄၅၀၀၀ ဆံ့ရေကန်တစ်ခုနှင့် ဂါလန် ၂၂၀၀၀ ဆံ့ ရေကန်တစ်ခုသို့လည်းကောင်း ဒေသအစီအစဉ်နဲ့ ရေပိုက်လိုင်းသွယ်တန်းပြီး သောက်သုံးရေ ဖြည့်တင်းသုံးစွဲလျက်ရှိကြောင်း သိရှိရပါတယ်။ ထိုသို့စီမံဆောင်ရွက်ရာမှာ ကြာကန်မရောက်မီ ကြားဖြတ်ပြီး စပါးစိုက်ဧက ၁၀၀ ခန့်နှင့် အခြားသီးနှံ ဧက ၃၀၀ အတွက် စိုက်ပျိုးရေရယူလျက်ရှိကြောင်းလည်း သိရှိရပါတယ်။ ရေရယူသုံးစွဲမှုမှာ စနစ်တကျရယူသုံးစွဲမှု အားနည်းချက်များရှိတဲ့အလျောက် ရေလေလွင့်ဆုံးရှုံးမှုများပြားပြီး သိန္နီမြို့ပေါ်မှာရှိတဲ့ လူဦးရေ ၁၁၀၀၀ ကျော်အတွက် သောက်သုံးရေ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါတယ်။

ဒါ့အပြင် ဖောက်လုပ်ရန် လျာထားပြီးဖြစ်တဲ့ သိန္နီမြို့ရှောင်လမ်းမကြီးဟာ ရေထွက်က သွယ်တန်းထားတဲ့ ရေပိုက်လိုင်းများ၊ ကြာကန်အတွင်းသို့ စီးဝင်တဲ့ချောင်းမြောင်းများကို ဖြတ်သန်း ဖောက်လုပ်မှာဖြစ်တဲ့အတွက် စိုက်ပျိုးရေနှင့်သောက်သုံးရေ ပိုမိုခက်ခဲလာနိုင်မယ့် အခြေအနေ ဖြစ်ကြောင်းလည်း သုံးသပ်သိရှိရပါတယ်။ ဒါကြောင့် ရေထွက်ရဲ့အောက်ဘက်မှာ မြေသားရေစုကန်တစ်ခုကို တည်ဆောက်ပေးဖို့ လိုအပ်လျက်ရှိပါတယ်။ ရေစုကန်တည်ဆောက်ခြင်းအပြင် မြို့ပေါ် ရှိ ကြာကန်နှင့် သောက်ရေကန်နှစ်ခုတို့မှ ရေပိုက်လိုင်းများ စနစ်တကျသွယ်တန်းခြင်း၊ စိုက်ပျိုးရေအတွက် စနစ်တကျရေပေးဝေနိုင်ရေး၊ ရေအသုံးပြုသူများအဖွဲ့ ဖွဲ့စည်းဆောင်ရွက်စေခြင်းတို့ကိုလည်း စီမံဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေစုကန်တည်ဆောက်ပေးနိုင်ရေးအတွက် ရေထွက်ရဲ့ ပျမ်းမျှရေထွက်ရှိမှုပမာဏ၊ သောက်သုံးရေ၊ စိုက်ပျိုးရေ သုံးစွဲမည့်ပမာဏတို့ကို အသေးစိတ်တိုင်းတာတွက်ချက်ပြီးတော့ မြေသားရေစုကန်၏ အရွယ်အစားကို ဒီဇိုင်းရေးဆွဲမှုနှင့်အတူ ခန့်မှန်းကုန်ကျငွေတွက်ချက် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေမှာ အဆိုပါလုပ်ငန်းအကောင်အထည်ဖော်နိုင်ရေးကို ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုနှင့်အညီ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများကို အကောင်အထည်ဖော် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်၍ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲခွင့်ရှိသော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ဥပဒေမဲ့ အလွဲသုံးစား မပြုလုပ်နိုင်ရန်နှင့် မုတ္တမပင်လယ်ကွေ့အနီးရှိ သောင်ထွန်းမြေရိုင်းများအား သဘာဝဘေးအန္တရာယ် ကာကွယ်ပေးပြီး ဒေသခံပြည်သူစားဝတ်နေရေးအတွက် မည်သို့စီမံခန့်ခွဲပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မက ကျောက်တန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးမှ ယနေ့မေးခွန်းကို Power Point အသုံးပြုပြီးမေးမြန်းခွင့်ပြုပါရှင်။ ဗဟိုအစိုးရကနေ စီမံခန့်ခွဲခွင့်ရှိတဲ့ မြေလွတ်၊ မြေရိုင်းများကို ဥပဒေမဲ့အလွဲသုံးစားမပြုလုပ်နိုင်ရန် ကြပ်မတ်ပြီးတော့ မုတ္တမပင်လယ်ကွေ့အနီးမှာရှိတဲ့သောင်ထွန်းမြေကို သဘာဝဘေးအန္တရာယ် ကာကွယ်ဖို့ မည်မျှ နိုင်ငံတော်စီးပွားရေး၊ လုံခြုံရေးအတွက် မည်မျှ ဒေသခံပြည်သူစားဝတ်နေရေး အတွက် မည်မျှ သင့်တင့်မျှတစွာ၊ စနစ်ကျစွာစီမံခန့်ခွဲပေးမယ့်အစီအစဉ်ကို သိရှိလိုတဲ့မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ကျောက်တန်းမြို့မှာဆိုလို့ရှိရင် သောင်ထွန်းမြေတွေဖြစ်ပေါ်နေတဲ့ ကျေးရွာ ၁၀ ရွာရှိပါတယ်။ ဧက ၂၀၀၀၀ ကျော် ရှိပါတယ်။ ဒါက လွန်ခဲ့တဲ့ တစ်နှစ်ကျော်က တိုင်းထွာခဲ့တာပါ။ နှစ်စဉ်ကို ဧကထောင်ချီသောင်ထွန်းတဲ့အတွက်ကြောင့်မို့လို့ ဒီထက် ဒီမြေဟာ အပြောင်းအလဲရှိနိုင် ပါတယ်။ ဒီမြေတွေကို စနစ်တကျစီမံခန့်ခွဲဖို့လိုနေတဲ့အတွက်ကြောင့်မို့လို့ ကျွန်မအနေနဲ့ ၈-၃-၂၀၁၇ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ မုတ္တမပင်လယ်ကွေ့အနီးရှိ ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့နယ်တွင် သဘာဝအလျောက်ထွက်ပေါ်လာသော၊ ပေါ်ထွန်းသော သောင်ထွန်းမြေများကို စီမံ ခန့်ခွဲခြင်းနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးခဲ့ပါတယ်။ ဒီသောင်ထွန်းမြေတွေကို စနစ်တကျပြန်လည် တိုင်းတာပြီး ပွင့်လင်းမြင်သာစွာချပြပေးဖို့။ ဒီအပေါ်မှာ လုပ်ကိုင်ခွင့်ပြုထားတာဟာ စနစ်တကျ ဥပဒေ စည်းမျဉ်း၊ စည်းကမ်းအတိုင်းလည်း လုပ်ဖို့အတွက်ကို ကြီးကြပ်ပေးဖို့အတွက်နဲ့ အနီးစပ်ဆုံး ဒေသခံ တောင်သူတွေကို အသုံးချခွင့်ပေးဖို့ဆိုပြီး မေးခဲ့တာကို ကျွန်မတို့ရဲ့ပြည်ထောင်စုဒုတိယဝန်ကြီးကနေ ပြီးတော့ ဒီဟာတွေအကုန်လုံးကို လုပ်ကိုင်ပေးမယ်ဆိုတဲ့ ကတိကဝတ်နဲ့ ဖြေကြားပါတယ်။ ဒေသခံ ပြည်သူတွေလျှောက်ထားပါ။ ပေးပါမယ်လို့ ဖြေကြားခဲ့ပါတယ်။ သို့သော်လည်းပဲ ၂-၈-၂၀၁၈ ရက်စွဲ ဖြင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား ညွှန်ကြားရေးမှူးလက်မှတ်ထိုးထားပြီးတော့ ၂၇-၇- ၂၀၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂၆/၂၀၁၇)ဆုံးဖြတ်ချက် အပိုဒ် ၁၇ အရ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ပုဂ္ဂလိက၊ ကုမ္ပဏီ များလျှောက်ထားဆောင်ရွက်မှုကို လက်ခံဆောင်ရွက်ခြင်း ခွင့်မပြုရန် အကြောင်းကြားခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူတွေ လျှောက်ထားခွင့်ရှိကြောင်းနှင့် စိစစ်ပြီး ခွင့်ပြုမယ်လို့ ဖြေကြားပြီး ၅ လခန့်အကြာမှာ လွှတ်တော် ကတိကဝတ်နဲ့ ဆန့်ကျင်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ညွှန်ကြားခဲ့တာကြောင့် ကျွန်မတို့ဒေသခံပြည်သူဟာ ဥပဒေက ပေးထားတဲ့အခွင့်အရေးပါ ဆုံးရှုံးခဲ့ရပါတယ်ရှင်။ ဒါပေမဲ့လည်း လုပ်ငန်းရှင်တွေအနေနဲ့ကတော့ လာရောက်လုပ်ကိုင်နေပါတယ်။ ဒီမှာဆိုလို့ရှိရင် မုတ္တမရွှေကမ်းသာကုမ္ပဏီဟာ စိုက်ပျိုးရေးအတွက်

ဆိုပြီး ၁၆-၁၂-၂၀၁၅ ရက်နေ့ကနေပြီး ဧက ၅၀၀ ပေးခဲ့တာ ဖြစ်ပါတယ်။ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း အရဆိုရင် ပထမတစ်နှစ်မှာ ၇၅ ဧက၊ ၂၀၁၆ ခုနှစ်ဖြစ်တဲ့ ဒုတိယနှစ်မှာ ၁၅၀ ဧက၊ တတိယနှစ်ဖြစ်တဲ့ ၂၀၁၇ ခုနှစ်မှာ ၁၅၀ ဧကနှင့် စတုတ္ထနှစ်မှာ ၁၂၅ ဧက အသီးသီးအကောင်အထည်ဖော်ရမှာဖြစ်ပေမဲ့ လည်း ၂၄-၁၁-၂၀၁၈ ရက်နေ့ရောက်မှသာ စက်ယန္တရားအများကြီးနဲ့ လူအင်အား ၃၀ ကျော်နဲ့ ဒီဟာ တွေကို လုပ်ငန်းလာပြီးတော့ အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။

ဒေသခံပြည်သူတိုင်ကြားတဲ့အတွက်ကြောင့်မို့လို့ အုပ်ချုပ်ရေးပိုင်းနဲ့ တာဝန်ရှိသူတွေ သွားရောက် တားမြစ်တဲ့အခါမှာ ဝန်ကြီးချုပ်ကိုယ်တိုင်တားမှရပ်မယ်ဆိုပြီးတော့မှ ဆက်လက် ဆောင်ရွက်တဲ့အတွက်ကြောင့်မို့လို့ တရားစွဲခဲ့ပါတယ်။ ပုဒ်မ ၁၈၈ နဲ့တရားစွဲတာ ဒဏ်ငွေ ၂၀၀၀၀ နဲ့ တရားရုံးက အမိန့်ချမှတ်ထားပါတယ်။ ဒါပေမဲ့ အဲဒီရဲ့လုပ်ငန်းအကောင်အထည်ဖော်တာကတော့ ဒီကာလအတွင်းမှာ အားလုံးပြီးဆုံးသွားခဲ့ပါတယ်ရှင်။ သောင်ထွန်းမြေတွေမှာ ဌာနဆိုင်ရာအသီးသီး ကနေပြီးတော့မှ ယူထားခဲ့ပါတယ်။ အစိုးရအပြောင်းအလဲမလုပ်ခင်မှာ ဧကတွေ ထောင်ချီပြီးတော့မှ ချထားပေးခဲ့တာရှိပါတယ်။ အဲဒီမှာ မြန်မာ့ရွှေမြေသစ်ကုမ္ပဏီဆိုလို့ရှိရင် ဧက ၂၃၀၀ ကို ရခဲ့တာပါ။ အဲဒီနေရာက ဒီရေ့မှာဆိုလို့ရှိရင် ရန်ကုန်တိုင်းဒေသကြီး YCDC က ရန်ကုန်စည်ပင်သာယာရေးကနေ လုပ်ပိုင်ခွင့်ရလာပါတယ်။ ပြီးရင် သစ်တောမြေဆိုပြီးတော့မှ ဒီရေတောသတ်မှတ်ထားတာရှိပါတယ်။ အဲဒီဒီရေတောရဲ့အောက်မှာ မြန်မာ့ရွှေမြေသစ်ကို ဧက ၂၃၀၀ ပေးခဲ့တာပါ။ အဲဒီနေရာသည် ယခု အချိန်မှာ ဒီရေတက်တဲ့အချိန်မှာ ပင်လယ်ရေပြင်ပဲ ဖြစ်ပါသေးတယ်။ ဥပဒေအရ ပင်လယ်ရေကို စီမံ ခန့်ခွဲခွင့်မရှိပါဘူး။ မြေလွတ်၊ မြေရိုင်းပေါ်မှသာ စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုတာပါ။ ဒီမြေဟာ စပါးစိုက်လို့ ရတဲ့အနေအထားလည်းမဟုတ်ပါဘူး။ လက်ရှိအနေထိတောင်မှ ဒီမြေတွေပေါ်မှာ ရေတက်နေတဲ့ အချိန်ရှိပါသေးတယ်ရှင်။ ပြီးတော့ ဒီရေတောစိုက်တဲ့ကိစ္စပါ။ ဒီရေတောဆိုတာက ဒီရေနှင့်ထိစပ်နေတဲ့ နေရာတွေမှာ ဒီရေတောကိုစိုက်ရမှာပါ။ ကျွန်မတို့က သဘာဝဘေးအန္တရာယ်ကာကွယ်ဖို့အတွက် အရေးတကြီးလိုအပ်ပါတယ်။ ဒါကို ကျွန်မတို့ကိုယ်တိုင်လည်း လုပ်အားပေးပြီးတော့ ဒေသခံပူးပေါင်း နဲ့ စိုက်ပျိုးပေးနိုင်ပါတယ်။ သို့သော်လည်း ဒီရေတောသည် ယူထားပြီးတော့ ဒါဆိုရင် အကျဉ်းဦးစီးဌာန က လုပ်ပိုင်ခွင့်ယူထားပါတယ်။ ပြီးတော့မှ ဒီရေတောဧရိယာဆိုပြီးတော့မှ နောက်မှာ ရွှေချောင်းကြီး ကုမ္ပဏီဆိုပြီးတော့မှ ဒီလိုမျိုးထပ်ပြီး ပေးထားတာတွေ ရှိပါတယ်။ အဲဒီတော့ သဘာဝပတ်ဝန်းကျင် ကာကွယ်ဖို့ နိုင်ငံသူနိုင်ငံသားတွေရဲ့အကျိုးစီးပွားအတွက်ကို စနစ်ကျတဲ့စီမံခန့်ခွဲမှုတွေ အရေးတကြီး လိုအပ်တဲ့အတွက်ကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန် တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့ မေးခွန်းအပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ရှင်းလင်းဖြေကြားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ မုတ္တမပင်လယ်ကွေ့ သောင်ထွန်းမြေရိုင်းတွေကို သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ နိုင်ငံတော်ရဲ့ စီးပွားရေးနဲ့ လုံခြုံရေးတို့အတွက် အစီအမံများချမှတ်ဆောင်ရွက်တဲ့နည်းတူ အဆိုပါ သောင်ထွန်းမြေကိုအမှီပြုပြီး ဒေသခံပြည်သူတွေရဲ့စားဝတ်နေရေးအတွက် စီမံခန့်ခွဲပေးနိုင်ရေးအပေါ်ရည်ရွယ်ပြီး ယခုလို မေးမြန်းထားကြောင်း တွေ့ရှိရပါတယ်။ ဒီမေးခွန်းအတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ဒီမေးခွန်းဟာ လေးနက်ကျယ်ပြန့်တဲ့အတွက်ကြောင့် ဖြေကြားခွင့်ကိုလည်း အချိန်အနည်းငယ်ပိုပေးပါရန် ဥက္ကဋ္ဌကြီးထံတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစွာ မုတ္တမပင်လယ်ကွေ့အနီး သောင်ထွန်းမြေတွေ ဖြစ်ထွန်းလာတဲ့ သမိုင်းကြောင်းနဲ့ ယင်းအပေါ် စီမံခန့်ခွဲဆောင်ရွက်လာခဲ့မှုအခြေအနေတွေကို ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်းခြင်းမပြုမီကာလနှင့် ယင်းဥပဒေပြဋ္ဌာန်းပြီးကာလများအတွင်း လုပ်ပိုင်ခွင့်ပြုချထားခဲ့မှုအခြေအနေများကို တင်ပြအပ်ပါတယ်။ ရန်ကုန်တောင်ပိုင်းခရိုင် (ကျောက်တန်း၊ သုံးခွ၊ ခရမ်းနှင့် ကွမ်းခြံကုန်း)မြို့နယ်များသည် မုတ္တမပင်လယ်ကွေ့နှင့် ထိစပ်လျက်ရှိတဲ့မြို့နယ်များ ဖြစ်ကြပါတယ်။ အဆိုပါမြို့နယ်များရှိ ကမ်းရိုးတန်းကျေးရွာတွေရဲ့လယ်တွေဟာ ယခင်က ရေကြီးနစ်မြုပ်လေ့ရှိပါတယ်။ သို့ဖြစ်တဲ့အတွက် လွန်ခဲ့တဲ့ ၁၉၅၈ ခုနှစ်မှာ State Colony ကမ်းပတ်တာကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီလက်ထက်မှာလည်း မုတ္တမပင်လယ်ကွေ့မှ ကမ်းတက်သောင်ထွန်းလာတဲ့မြေတွေကို လယ်မြေအဖြစ်စိုက်ပျိုးနိုင်ဖို့ ထိုစဉ်က မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်း(ARDC)ကနေပြီးတော့ မရမ်းဖွဲ့ဘာကမ်းပတ်တာကို ထပ်မံတည်ဆောက်ပေးခဲ့ပါတယ်။ သောင်ထွန်းလာတဲ့မြေတွေကိုလည်းပဲ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ပိုင်ခွင့်များ ချထားပေးခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ တဖန် ဒေသရဲ့ လိုအပ်ချက်အရ မရမ်းဖွဲ့ဘာကမ်းပတ်တာအသစ်ကို တည်ဆောက်ပေးခဲ့ပြီးတော့ မူလတာအဟောင်းနှင့် တာသစ်အကြား ဖြစ်တည်လာတဲ့သောင်ထွန်းမြေရင့် ဧက ၁၂၀၀၀ ခန့်ကို ကျေးရွာအုပ်စုအလိုက် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေကို (၂)ဧကခွဲနှုန်းနဲ့ မြေယာခွဲဝေချထားဆောင်ရွက်ပေးခဲ့ကြောင်း သိရပါတယ်။ အဆိုပါချထားပေးတဲ့လယ်မြေများအပေါ် ဌာနအနေနဲ့ စီမံချက်ချမြေတိုင်းတာပေးပြီးတော့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးခဲ့ပါတယ်။ ထိုစဉ်ကာလ ၂၀၀၀ ပြည့်နှစ်မှာပဲ မရမ်းဖွဲ့ဘာကမ်းပတ်တာအပြင်ဘက် မုတ္တမပင်လယ်ကွေ့မှ ထပ်မံကမ်းကောလာတဲ့မြေတွေကို သဘာဝရေငန်ပုစွန်မွေးမြူရေးဇုန်အဖြစ် တစ်ယူနစ်ကို ဧက ၅၀ နှုန်းသတ်မှတ်ချက်နဲ့ ယူနစ်ပေါင်း ၇၆ ခု ဧရိယာဧကစုစုပေါင်း ၃၇၅၈.၇၂ ဧက ကို သဘာဝရေငန်ပုစွန်မွေးမြူရန်ဧရိယာများအဖြစ် ခွင့်ပြုချထားပေးခဲ့ကြောင်း သိရပါတယ်။ ဒါ့အပြင် ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ကျေးရွာအုပ်စု ၇ အုပ်စုအတွင်းနေထိုင်သူ ၁၂ ဦးကနေ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ဖို့လျှောက်ထားလာတဲ့အတွက် ဧရိယာဧက ၂၃၃၇.၈၉ ဧကကို လယ်ယာမြေအခြားနည်းသုံးစွဲခွင့် လ/န(၃၉)ခွင့်ပြုမိန့်ချထားပေးခဲ့ပါကြောင်း စိစစ်သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပြဋ္ဌာန်းပြီးတဲ့နောက် အဆိုပါဥပဒေအရ အဆိုပါဒေသအတွင်း မြေယာလုပ်ကိုင်ခွင့် လျှောက်ထားခွင့်ပြုပေးမှု

ကို ဆက်လက်တင်ပြပါမယ်။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မုတ္တမပင်လယ်ကွေ့သောင်ထွန်းမြေဧရိယာမှာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအနေနဲ့ လျှောက်ထားသူ လူပုဂ္ဂိုလ်အဖွဲ့အစည်း ၁၉ ဦး ဧရိယာစုစုပေါင်း ၈၀၄၈.၀၈ ဧကကို ခွင့်ပြုထားပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် ဧက ၄၀၅၀ နှင့် ရေငန် ပုစွန်မွေးမြူရေးအတွက် ဧက ၃၉၉၈ ဧက ဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် ခွင့်ပြုပေးခဲ့တဲ့ ဧက ၄၀၅၀ အနက်မှာ ဧက ၁၀၀၀ အကောင်အထည်ဖော်နိုင်ခဲ့ပြီးတော့ ကျန်တဲ့ ၃၀၅၀ ဧကဟာ အကောင်အထည်ဖော်ဖို့ ကျန်ရှိနေပါသေးတယ်။ ရေငန်ပုစွန်မွေးမြူရေးအတွက် ခွင့်ပြုခဲ့တဲ့ ဧက ၃၉၉၈.၀၈ ဧကအနက်မှာ ဧက ၂၄၉၀.၀၇ ဧက အကောင်အထည်ဖော်နိုင်ခဲ့ပြီးတော့ ၁၅၀၈ ဧက ဖော်ထုတ်ဖို့ ကျန်ရှိနေကြောင်း စိစစ်သိရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီက ခွင့်ပြုခဲ့တဲ့ ဧက ၈၀၄၈.၀၈ ဧကအနက်မှာ ၄၅၅၈ ဧကဟာ အကောင်အထည်ဖော်ဖို့အတွက် ကျန်ရှိတဲ့အခြေအနေဖြစ်ပါတယ်။ မြို့နယ်အလိုက်ခွင့်ပြုချထားပေးခဲ့မှု အခြေပြမြေပုံနှင့်တစ်ဦးချင်း ခွင့်ပြုမှုအပေါ်မှာ ဖော်ထုတ်အသုံးပြုနိုင်မှုအခြေအနေများကို Power Point နဲ့ တင်ပြထားပါတယ်။ ထို့အတူ ရန်ကုန်တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့အနေနဲ့ ကျောက်တန်းဒေသ၊ တံတားမြို့နယ်မှာ စိုက်ပျိုးရေးလုပ်ကိုင်ဖို့အတွက် လျှောက်ထားသူ ၁၄ ဦးကို တစ်ဦးလျှင် ၁၀ ဧကစီနဲ့ ဧက ၁၄၀၊ သုံးခွမြို့နယ်မှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်လျှောက်ထားသူ ၄၂ ဦးကို တစ်ဦးလျှင် ၁၀ ဧကစီနဲ့ ဧက ၄၂၀ စုစုပေါင်းဧရိယာဧက ၅၆၀ ကို ကျေးလက်နေပြည်သူလူထုရဲ့ စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ခွင့်ပြုချထားမှုရှိပါတယ်။ အဲဒီဧက ၅၆၀ အနက်မှာ ဧက ၃၁၀ ကို ဖော်ထုတ်စိုက်ပျိုးနိုင်ခဲ့ပြီးတော့ ဧက ၂၅၀ ကို ဖော်ထုတ်စိုက်ပျိုးရန်ကျန်ရှိနေသေးကြောင်းလည်း စိစစ်သိရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပြဋ္ဌာန်းပြီးတဲ့နောက် ခွင့်ပြုခဲ့တဲ့ ဧက ၈၆၀၈ ဧကအနက်မှ စုစုပေါင်း ၄၈၀၈ ဧက ဖော်ထုတ်ဖို့ ကျန်ရှိနေတာဖြစ်ပါတယ်။ ကျန်ရှိနေမှုအပေါ်မှာ ဥပဒေပါပြဋ္ဌာန်းချက်များအရ သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒီလိုလုပ်ပိုင်ခွင့်ချထားပေးမှုအနက်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ကျောက်တန်းမြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းအတွက်လုပ်ပိုင်ခွင့်ချထားပေးတဲ့ ဧရိယာအချို့ဟာ ဒီရေတက်ချိန်မှာ ရေအောက်နစ်မြုပ်သွားပြီး ရေကျသွားတဲ့အချိန်မှာ နွံများဖြင့်တည်ရှိနေတယ်ဆိုတဲ့ဧရိယာများ ပါဝင်မှုရှိကြောင်း ထောက်ပြထားမှုရှိပါတယ်။ ယင်းနဲ့ပတ်သက်ပြီး လျှောက်ထားစဉ်ကာလက မြေအသုံးပြုမှုနည်းလမ်းအတိုင်း ဆောင်ရွက်နိုင်မှုရှိ/မရှိ ပြန်လည်စိစစ်ဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံရပ်မိ၊ ရပ်ဖများပါဝင်တဲ့အဖွဲ့ ဖွဲ့စည်းဆောင်ရွက်သွားနိုင်ရေးကို မိမိတို့ မြေလွတ်၊ မြေလပ်နဲ့မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအစည်းအဝေးကို တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ထို့အတူ ကမ်းတက်မြေ၊ သောင်ထွန်းမြေတွေမှာ ဒေသခံကျေးရွာသူကျေးရွာသားများအတွက် ရည်ရွယ်ပြီး ကျေးရွာပိုင်မြေ

ဧရိယာဧက ၁၀၀၀ လျှောက်ထားဆောင်ရွက်တဲ့ကိစ္စနဲ့စပ်လျဥ်းပြီး ယင်းလျှောက်ထားလာမှုအပေါ်မှာ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နဲ့မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနဲ့အညီ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်ဖို့ ဒီရေရောက်တောများ ထိန်းသိမ်းဆောင်ရွက်မှုအစီအစဉ်များနဲ့ပတ်သက်ပြီး ဖြေကြားပေးပါ့မယ်။ ရန်ကုန်(တောင်ပိုင်းခရိုင်)၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းနဲ့ ကွမ်းခြံကုန်းမြို့နယ်များအတွင်း မုတ္တမပင်လယ်ကွေ့အနီးမှာ ၂၀၀၀ ပြည့်နှစ်ခန့်က စုစုပေါင်း သောင်ထွန်းမြေဧရိယာဟာ ၂၇၇၃၈ ဧက ဖြစ်ပေါ်ခဲ့ပါတယ်။ ယင်းအခြေအနေပေါ် သုံးသပ်ပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ဖို့အတွက် ဒီရေရောက်သစ်တောများထိန်းသိမ်းနိုင်ဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒီရေတော ကြိုးပြင်ကာကွယ်တောများအဖြစ် သတ်မှတ်နိုင်ဖို့ ၂၀၁၇ ခုနှစ်က လျာထားသတ်မှတ်ခဲ့ကြောင်း သိရပါတယ်။ သက်ဆိုင်ရာဌာနများရဲ့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ချက်တွေအရ အဆိုပါလျာထားတဲ့ မြေဧရိယာ ၂၇၇၃၈ ဧကအတွင်းမှာ မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းကိုမှ မြေယာလုပ်ပိုင်ခွင့်ချထားပေးခြင်းမရှိတဲ့ ဧရိယာဧကဟာ ၁၉၄၈၁ ဧက ရှိပါတယ်။ အဆိုပါဧရိယာအတွင်းမှာ မြေလွတ်၊ မြေလပ်နဲ့မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ ခွင့်ပြုချက်ပေးထားသော်လည်းပဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိတဲ့ဧရိယာဟာ စိစစ်မှုအရ ၅၄၅၇ ဧကရှိပါတယ်။ ယင်းဧရိယာတွေဟာ ဒီရေတောပေါက်ရောက်မှု ကောင်းမွန်တဲ့ဧရိယာများ ဖြစ်ပါတယ်။ ဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်နိုင်ဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံဆောင်ရွက်မှုမှာ သဘာဝအတိုင်းပေါက်ရောက်နေတဲ့ ဒီရေတောပင်များ ရှင်သန်ပေါက်ရောက်မှုအပေါ်မှာ ဥပဒေနဲ့အညီထိန်းသိမ်းဖို့အတွက် သက်ဆိုင်ရာဌာနများနဲ့ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ကွင်းဆင်းစစ်ဆေးပြီးတဲ့နောက်ပိုင်း လုပ်ငန်းလုပ်ပိုင်ခွင့် ခွင့်ပြုမိန့်ရရှိပြီးသူ၊ ခွင့်ပြုမိန့်မရသေးသူ လုပ်ငန်းရှင်များနဲ့ ငွေကြေးတတ်နိုင်တဲ့ ဒေသခံများအနေနဲ့ ဒီရေတောအပင်တွေကိုခုတ်လှဲတာ၊ စက်ယန္တရားနဲ့ တာပတ်တာ၊ ထွန်စက်တွေနဲ့ ဒီရေတောပင်တွေဖယ်ရှားတဲ့လုပ်ငန်းတွေကို အလျင်အမြန်ဆောင်ရွက်လာတာကို တွေ့ရှိရပါတယ်။ ထိုဖြစ်ရပ်အပေါ်မှာ ဥပဒေနဲ့အညီထိန်းကျောင်းနိုင်ဖို့ ဒီရေတောအပင်များ ပျက်စီးအောင်ဆောင်ရွက်ခြင်းမပြုစေဖို့အတွက် တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တားမြစ်စာထုတ်ပြန်ခဲ့ကြောင်း သိရပါတယ်။ သို့သော်လည်းပဲ လိုက်နာမရှိဘဲ လုပ်ငန်းများဆက်လက်ဆောင်ရွက်နေကြတဲ့အတွက် ဥပဒေနဲ့အညီ အရေးယူဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံဆောင်ရွက်နေပြီဖြစ်ပါတယ်။ မုတ္တမပင်လယ်ကွေ့ ကမ်းတက်မြေတစ်လျှောက်မှာဖြစ်တဲ့ သောင်ထွန်းမြေဧက ၂၇၇၈၃ ဧကကို တစ်ဆက်တစ်စပ်တည်း ဒီရေကြိုးပြင်တောသတ်မှတ်ပြီးလို့ရှိရင် ဒေသခံတွေကို ဒီရေတာများမထိခိုက်စေတဲ့ မိရိုးဖလာနည်း လက်ပစ်ကွန်၊ ကျော့ပိုက်၊ မြှုံးတို့နဲ့ ငါး၊ ပုစွန်၊ ကဏန်းဖမ်းဆီးခွင့်နဲ့ သတ်မှတ်ချက်နဲ့အညီ ထင်းသုံးစွဲခွင့်များပေးသွားမယ့်အပြင် ဒေသခံပြည်သူများပါဝင်တဲ့ အစုအဖွဲ့ပိုင်သစ်တောဖွဲ့စည်းလုပ်ပိုင်ခွင့်များကိုလည်း ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ရန်ကုန်(တောင်ပိုင်းခရိုင်)မြို့နယ်တွေအတွင်းမှာ ဖြစ်ထွန်းလာတဲ့ မုတ္တမပင်လယ်ကွေ့အနီးရှိ သောင်ထွန်းမြေတွေဟာ မြေလွတ်၊ မြေလပ်နဲ့မြေရိုင်းများ စီမံခန့်ခွဲရေး

ဗဟိုကော်မတီမှသာ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့မြေများဖြစ်ပါတယ်။ အဆိုပါဧရိယာမှာ တိုင်းဒေသကြီး အစိုးရအဖွဲ့က ဒီရေတောအဖြစ် ထားရှိဆောင်ရွက်လိုတဲ့ကိစ္စတွေအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၆)ကို တင်ပြခဲ့ပြီးဖြစ်တဲ့အလျောက် အစည်းအဝေးရဲ့ဆုံးဖြတ်ချက်နဲ့အညီ နိုင်ငံတော်သမ္မတရုံး သို့ ဆက်လက်တင်ပြဆောင်ရွက်ခဲ့ရာမှာ ဒီရေတောသတ်မှတ်ရေးနဲ့ ဒီရေတောအတွင်း ပုစွန်မွေးမြူရေး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ဆက်လက်ညှိနှိုင်းပြီး အကောင်းဆုံး အကျိုးရလဒ်ရရှိစေရေး ပေါင်းစပ်ဆောင်ရွက်သွားနိုင်ဖို့ နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပင်လယ်ကမ်းရိုးတမ်း သယံဇာတအုပ်ချုပ်လုပ်ကိုင်မှုကော်မတီအစည်းအဝေးမှာလည်းပဲ မြေလွတ်၊ မြေလပ်နဲ့မြေရိုင်းများ လုပ်ပိုင်ခွင့်ပြုထားတဲ့အနက်ကနေ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဧရိယာတွေကို ချန်လှပ်ကွက် အဖြစ်ထားရှိပြီးတော့ ကျန်ရှိတဲ့အကောင်အထည်မဖော်ရသေးတဲ့ ဧရိယာတွေကို ဒီရေတောစုဖွဲ့ရာမှာ ထည့်သွင်းဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းထားပြီးဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေလွတ်၊ မြေလပ်နဲ့မြေရိုင်းများကို ဥပဒေမဲ့ အလွဲသုံးစားမပြုလုပ်နိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ တို့က ပေါင်းစပ်ညှိနှိုင်းမှုနဲ့ ဥပဒေနဲ့အညီ ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ မုတ္တမပင်လယ်ကွေ့အနီးရှိ သောင်ထွန်းမြေတွေကို သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဒီရေကြိုးပြင် ကာကွယ်တောသတ်မှတ်ဆောင်ရွက်မယ့် အစီအမံများနဲ့ နိုင်ငံတော်ရဲ့စီးပွားရေးနဲ့ ဒေသခံပြည်သူများ စားဝတ်နေရေးအတွက် သင့်တင့်မျှတစွာ စနစ်တကျစီမံခန့်ခွဲဆောင်ရွက်သွားနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးရဲ့ လမ်းညွှန်ချက်နဲ့အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာဝန်ကြီးဌာန များမှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါရှင်။ ကျွန်မတို့ဒေသခံပြည်သူတွေရဲ့အကျိုးစီးပွားအတွက်၊ စားဝတ်နေရေးအတွက် ဆောင်ရွက်ပေးမယ် ဆိုတဲ့ဝန်ကြီးရဲ့အဖြေကို ကျွန်မ ဒေသခံပြည်သူတွေကိုယ်စား အများကြီးကျေးဇူးတင်ရပါတယ်ရှင့်။ ဝန်ကြီးပြောသွားတဲ့အထဲမှာ ကျွန်မတို့ ဒီသောင်ထွန်းမြေတွေမှာ လုပ်ပိုင်ခွင့်ပြုတာတွေက ဥပဒေမဲ့ လုပ်တာတွေလည်းရှိနေတယ်။ ပိုပြီးတော့ လုပ်နေတယ်ဆိုပြီးတော့ ကျွန်မတို့ဒေသခံပြည်သူတွေ တိုင်ကြားထားတာတွေလည်းရှိတယ်။ ဒါတွေကိုကြီးကြပ်ဖို့အတွက်ကို အဖွဲ့ဖွဲ့ပေးမယ်လို့ဝန်ကြီးအဖြေ ထဲမှာပါပါတယ်။ ဘယ်လိုအချိန်အတွင်းမှာ ဒီဟာတွေကို ပြီးပြတ်အောင်လုပ်ပေးမယ်ဆိုတဲ့အချိန် သတ်မှတ်ချက်လေးကို သိခွင့်ရရင်သိချင်ပါတယ်ရှင့်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားပေးပါ။

**မူကြမ်း**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပေးပါမယ်။ မိမိတို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီအနေနဲ့ ညှိနှိုင်းအစည်းအဝေးကို တစ်လ တစ်ကြိမ် ပုံမှန်ကျင်းပဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုကျင်းပဆောင်ရွက်တဲ့အစည်းအဝေးမှာ မိမိ တင်ပြဖြေကြားခဲ့သလို သီးခြားအဖွဲ့ဖွဲ့စည်းပြီး စီမံဆောင်ရွက်သွားမယ့်အစီအစဉ်ကို အနီးစပ်ဆုံး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအစည်းအဝေးကို တင်ပြပြီး ဆောလျင်စွာဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆက်စပ်မေးခွန်း အပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တိုင်းပြည်ဘဏ္ဍာနှင့် ငွေကုန်ကြေးကျခံတည်ဆောက်ခဲ့သော အသုံးမတည့်ဖြစ်နေသည့် ဝင်းဖနဲ ရေလှောင်တမံဆည်မှရေကို ရေပြတ်လပ်မှုကြီးထွားလာသည့် သံဖြူဇရပ်မြို့သို့ ပို့လွှတ်ပေးရေးစီမံကိန်း တစ်ရပ် ဖော်ဆောင်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိကြသော ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ် ပြည်သူလူထုရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့မေးမြန်းလိုတာက တိုင်းပြည်ဘဏ္ဍာနှင့် ငွေကုန်ကြေးကျခံ တည်ဆောက်ခဲ့သော အသုံးမတည့်ဖြစ်နေသည့် ဝင်းဖနဲရေလှောင်တမံဆည်မှရေကို ရေပြတ်လပ်မှုကြီးထွားလာသည့် သံဖြူဇရပ်မြို့နယ်သို့ ပို့လွှတ်ပေးရေးစီမံကိန်းတစ်ရပ် ဖော်ဆောင်ပေးပါရန်အစီအစဉ်ရှိ/မရှိဟူ၍ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့သံဖြူဇရပ်မြို့နယ်က မိုးများရေရှားရပ်ဝန်းမှာတည်ရှိပါတယ်။ မိုးရေချိန်လက်မ ၂၀၀ ဝန်းကျင်ပျမ်းမျှရွာသော်လည်းပဲ တိုးပွားလာတဲ့လူဦးရေနှင့်အညီ ရေအရင်း အမြစ်များ ပျက်စီးလာမှုများကြောင့် သုံးရေရှားပါးပြတ်လပ်မှုကို ရင်ဆိုင်နေရပြီဖြစ်ပါတယ်။ သံဖြူဇရပ်မြို့နယ်မှာ ၁၉၇၁ ခုနှစ် စာရင်းဇယားအရ အိမ်ထောင်စုပေါင်း ၈၅၅၉ ခုရှိပြီး ရပ်ကွက် ၁၀ ခုရှိပါတယ်။ တွင်းရေသုံးဒေသတစ်ခုဖြစ်ပါတယ်။ ယခုပြောင်းရွှေ့လုပ်သားများကြောင့် လူဦးရေများ တိုးပွားလာခြင်း၊ ကမ္ဘာ့ရာသီဥတုဖောက်ပြန်လာခြင်းတို့ကြောင့် မတ်လကနေ ဧပြီလ၊ မေလရောက်ပြီ ဆိုရင် ရေပြတ်လပ်တဲ့ဒုက္ခကိုခံစားလာခဲ့ရတာ ဆယ်စုနှစ်တစ်ခုမကတော့ပါဘူး။ ရေတစ်စည်လျှင် တစ်သောင်းကျပ်အထိကို ပေါက်ဈေးဖြစ်တဲ့အထိရှိပါတယ်။ ရေသယ်ဇာတရှာဖွေပေးနေသော်လည်း အဝီစိတွင်းတိမ်များမို့ ထိုကာလမှာထင်သလောက်လိုအပ်ချက်ကို ဖြည့်ဆည်းမပေးနိုင်တာကိုတွေ့ရ ပါတယ်။ မြို့လူထုဟာ အလွန်ပရဟိတစိတ်ရှိကြပြီးတော့ တစ်ဦးချင်းသော်လည်းကောင်း၊ အုပ်စုဖွဲ့၍ သော်လည်းကောင်း နှစ်စဉ်ရေလှူပေးနေတာကိုတွေ့ရပါတယ်။ သို့သော် လုံလောက်မှုမရှိပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ သံဖြူဇရပ်မြို့မှ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာမှာ ဝင်းဖနုံအမည်ရတဲ့ဆည်တစ်ခုရှိပါတယ်။ မြေသားတမံအမျိုးအစားဖြစ်ပြီးတော့ အလျား ၁၈၀၀ ပေ၊ အနံ ၁၈၀၀ ပေ၊ အနက် ၁၇၈ ပေရှိပါတယ်။ ၂၀၀၁ ခုနှစ်မှာပြီးစီးခဲ့ပြီး ရေလှောင်ပမာဏ ၄၉၅၀၀ ဧက ရှိပါတယ်။ ထိုကာလပေါက်ဈေးနှုန်းဖြင့် ကျပ်သန်းပေါင်း ၁၅၃၆.၂၆ သန်းအကုန်အကျခံခဲ့ရပါတယ်။ ၂၀၀၁ ခုနှစ်စပြီးချိန်ကနေပြီးတော့နွေစပါးစိုက်ဧက ၅၀၀၀ ကိုရေပေးဝေဖို့ရည်မှန်းခဲ့ပါတယ်။ ၂၀၀၇-၂၀၀၈ ခုနှစ်ရာသီတွင်သာလျှင် လျာထားချက်အမီစိုက်ပျိုးနိုင်ပြီးတော့ ၂၀၁၂-၂၀၁၃ ခုနှစ်ကစပြီးတော့ ယခုအချိန်ထိ လယ်တစ်ဧကမျှမစိုက်ပျိုးတော့ပါဘူး။ အသုံးမတည့်တဲ့ဆည်ဖြစ်သွားရပါပြီ။ ရာသီဥတုကြောင့်ကျွန်တော်တို့နယ်က နွေစပါးစိုက်ဖို့အဆင်မပြေပါဘူး။ ဆည်ကိုလည်းပဲ ပြန်ဖျက်လို့ ရင်းနှီးထားတဲ့တိုင်းပြည်ဘဏ္ဍာပြန်မရနိုင်တော့ပါဘူး။ လက်ရှိအခြေအနေကို တစ်နည်းတစ်လမ်းအသုံးချနိုင်အောင်ကြိုးစားမှသာလျှင် တိုင်းပြည်အတွက်အကျိုးရှိတဲ့ဆည်အဖြစ် ပြန်ပြောင်းလာမှာဖြစ်ပါတယ်။ ထိုဆည်ရေကို ခေတ်မီရေသွယ်စနစ်ဖြင့် သံဖြူဇရပ်၊ ကျိုက္ခမီမြို့နှင့် ပင်ကျေးရွာများသို့ ရေသွယ်ယူ၍ အခကြေးငွေယူဖြန့်ဖြူးမှုလုပ်နိုင်ပါက ဆည်မှာအသုံးတည့်လာပြီးတော့ အတိုင်းအတာတစ်ခုအထိ ဝင်ငွေပြန်လည်ရှာဖွေလာနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့သည် အတိတ်ကချို့ယွင်းအားနည်းမှုများကိုဖယ်ပြီးတော့ ရှေ့ကို တိုင်းပြည်နဲ့ပြည်သူလူထုအကျိုးရှိအောင် ဘယ်လိုလုပ်မလဲစဉ်းစားဆောင်ရွက်ကြပါဆိုတဲ့နိုင်ငံတော်၏အတိုင်ပင်ခံရဲ့လမ်းညွှန်ချက်ကိုခံယူပြီး စဉ်းစားကြရမှာဖြစ်ပါတယ်။ ယခုကျွန်တော် တင်ပြတောင်းဆိုမေးမြန်းမှုသည် သုဝဏ္ဏသာမဇာတ်တော်လာ သားရွှေအိုးထမ်းလာတာကို မြင်ရတဲ့ စီမံကိန်းဖြစ်ပါတယ်။ ပထမအကြိမ် လွှတ်တော်သက်တမ်းအစိုးရရဲ့ စည်ပင်သာယာဌာနက ရေးဆွဲထားပြီးသားစီမံကိန်းအဟောင်းလည်းဖြစ်ပါတယ်။ သို့သော်လည်း JICA ချေးငွေရမှအကောင်အထည်ဖော်မယ်လို့ကြားနေရပြီးတော့ အခုသက်တမ်းနှစ်နှစ်ထိတိုင်အောင် ဘာမှဖြစ်မလာတာဖြစ်တဲ့အတွက်ကြောင့်ရေရှားဒုက္ခခံစားနေရတဲ့ပြည်သူလူထုကိုယ်စားပြု၍လည်းကောင်း၊ ချေးငွေနှင့်အတိုးပေး အကောင်အထည်ဖော်ရန် မျှော်နေကြမည့်အစား ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရရန်ပုံငွေများဖြင့်ပေါင်းစပ်အကောင်အထည်ဖော်ရန် အကြံပြုလျက်မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အကောင်အထည်ဖော်ပေးမည်ဆိုပါကလည်း မည်သို့မည်ပုံနှင့် မည်သည့်ကာလအပြီး ဆောင်ရွက်ပေးမည်ကိုပါမဲဆန္ဒရှင်ပြည်သူများ ပျော်ရွှင်ကြဖို့အရေး ထည့်သွင်းဖြေကြားပေးပါရန် တိုက်တွန်းလျက် ကျွန်တော့်ရဲ့မေးမြန်းခြင်းကဏ္ဍကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာတော်မူနိုင်ကြပါစေ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းရဲ့ မေးခွန်းအပေါ် မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပေးပါ့မယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ မုဒုံမြို့နယ်အတွင်း မုဒုံ-သံဖြူဇရပ်ကားလမ်း မိုင်တိုင်(၃၁/၆)ရဲ့ အရှေ့ဘက် ဝင်းဖနုံချောင်းပေါ်မှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဝင်းဖနုံ ရေလှောင်တမံကို တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ တည်ဆောက်ထိန်းသိမ်းထားတဲ့ ဝင်းဖနုံရေလှောင် တမံမှာ ဆည်ရေသောက်ဧရိယာဧက ၆၅၀၇ ဧကကို နွေစပါးသီးထပ်စိုက်ပျိုးပေးဖို့နဲ့ ဒေသတွင်း ရေကြီးရေလျှံမှုမှ လျော့ပါးသက်သာစေဖို့ဆိုတဲ့ရည်ရွယ်ချက်တွေနဲ့ ၂၀၁၁ခုနှစ်က တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။ မူလကန်ရေပြည့်ရေလှောင်ပမာဏအနေနဲ့ ဧကပေ ၄၈၀၀၀ ခန့်ကို နှစ်စဉ်ရေသိုလှောင် ထိန်းသိမ်းသုံးစွဲသွားနိုင်ဖို့အတွက် တွက်ချက်စီမံဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ရေလှောင်တမံနှင့် ဆက်စပ်ပြီး ရေလွှဲဆည်နှင့်ဆည်ရေသောက်စနစ်ကိုလည်း တည်ဆောက်ခဲ့ပြီး ဒေသတွင်းလယ်ယာ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက်စိုက်ပျိုးရေပြည့်စုံလုံလောက်စွာပေးဝေနိုင်ဖို့ စီမံဆောင်ရွက် ထားခဲ့ခြင်းဖြစ်ပါတယ်။

သို့သော်လည်း ဒေသနေတောင်သူများအနေနဲ့ သမားရိုးကျစိုက်ပျိုးမှုပုံစံအရ မိုးစပါးရိတ်သိမ်း ခြွေလှေ့ချိန်နောက်ကျလာတဲ့အခါ နွေစပါးစိုက်ပျိုးမှုနှင့် အချိန်လုပြီးဆောင်ရွက်ရတဲ့အခြေအနေ၊ ဒေသမှာ လယ်ယာလုပ်သားရှားပါးလာမှုနဲ့အတူ လုပ်ခကြီးမြင့်ပြီးတော့ စိုက်ပျိုးမှုကုန်ကျစရိတ် မြင့်မားလာတဲ့အခြေအနေ၊ လုပ်ငန်းအပေါ်မှာ ရင်းနှီးထည့်ဝင်စိုက်ပျိုးနိုင်မှုအားနည်းလာတဲ့ အခြေအနေတွေအလျောက် စိုက်ပျိုးတဲ့လယ်မြေက သီးနှံအထွက်နှုန်းလျော့နည်းလာပြီးတော့ ကုန်ကျ စရိတ်နဲ့ အကျိုးအမြတ်တွက်ခြေမကိုက်တဲ့အခြေအနေအကြောင်းတရားတွေက ဒေသနေတောင်သူ များ နွေစပါးစိုက်ပျိုးဖို့ စိတ်အားထက်သန်မှုလျော့နည်းလာတာနဲ့အညီ နှစ်စဉ်နွေစပါး စိုက်ပျိုးမှုဟာ နည်းပါးလာတဲ့အခြေအနေရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ဝင်းဖနုံ ရေလှောင်တမံအတွင်း ကန်ရေအပြည့်သိုလှောင်ထားနိုင်မှု၊ တည်ဆောက်ထားတဲ့ ဆည်ရေသောက် စနစ်နဲ့ ရေပေးဝေနိုင်မှု၊ ဆည်ရေသောက်ဧရိယာပေါ် နွေစပါးစိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မှု အခြေအနေရှိသော်လည်းပဲ မိမိအထက်မှာတင်ပြဖြေကြားခဲ့သလို တောင်သူများအပိုင်းမှ အခြေအနေ အရပ်ရပ်အပေါ်မူတည်ပြီးတော့ ဝင်းဖနုံရေလှောင်တမံရဲ့ အကျိုးပြုနိုင်စွမ်းကို ထိရောက်စွာအသုံးချ နိုင်ဖို့ အားနည်းချက်များရှိလာတာဖြစ်ပါတယ်။ ဆည်ဟာ ကန်ရေအပြည့်သိုလှောင်ထားနိုင်မှုအရ ဆည်ရေသောက်ဧရိယာ ၆၅၀၇ ဧကအတွက် စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်တဲ့အပြင် ဒေသတွင်းသောက်သုံးရေအတွက်လည်း အခက်အခဲမရှိလုံလောက်စွာ ပေးဝေနိုင်တဲ့အခြေအနေ ရှိပါကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိအခြေအနေမှာ ဝင်းဖနုံရေလွှဲဆည်ကနေ မုဒုံမြို့နယ်၊ နှီးပဒေါကျေးရွာနှင့် ကလော့သော့ကျေးရွာများမှာရှိတဲ့ လူဦးရေ ၅၀၀၀ ကျော်အတွက် သောက်သုံးရေ ကို နှစ်စဉ်ပျမ်းမျှဂါလန် ၄၇ သန်းခန့် ပေးဝေလျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာ ဖော်ပြမေးမြန်းထားသလို ဝင်းဖနုံရေလှောင်တမံ မှရေကို ၁၀ မိုင်ခန့်ကွာဝေးတဲ့ သံဖြူဇရပ်မြို့ ရေပြတ်လပ်မှုကြီးထွားလာတဲ့အခြေအနေကို ကုစားပေး နိုင်ဖို့နဲ့ ထိုမှတစ်ဆင့် ၁၅ မိုင်ခန့်ကွာဝေးတဲ့ ကျိုက္ခမီမြို့ကို သောက်သုံးရေပေးပို့ရာမှာ စိစစ်မှုတွေအရ လုပ်ငန်းပမာဏဟာကြီးမားပြီး ကုန်ကျစရိတ်လည်း လွန်စွာများပြားမှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့

အတွက်ကြောင့်မို့လို့ မွန်ပြည်နယ်အစိုးရအဖွဲ့နဲ့ မိမိတို့ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနတို့ပူးပေါင်းပြီးတော့ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ ချေးငွေစီမံကိန်းတစ်ရပ်ရယူပြီး လုပ်ငန်းတွေကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အကောင် အထည်ဖော် ဆောင်ရွက်သွားဖို့အတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။ JICA(ODA Loan)နဲ့ ဆောင်ရွက်မယ့် ဒေသတွင်းဖွံ့ဖြိုးမှုစီမံကိန်းကို ၎င်းရဲ့ Loan Agreement နဲ့ ချေးငွေသဘောတူချက် ကို ၁-၃-၂၀၁၇ ရက်နေ့မှာ လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ အဆိုပါစီမံကိန်းမှာပါဝင် တဲ့ မြို့ရေပေးရေးစီမံကိန်းအဆင့်(၂)လုပ်ငန်းတွေကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကနေ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ကနေ စီမံကိန်းကာလလေးခုဖြင့် ဆောင်ရွက်သွားဖို့အတွက် လျာထားပါတယ်။ စီမံကိန်းမှာ တိုင်းဒေသကြီး/ပြည်နယ် ကိုးခုရှိ မြို့နယ် ၂၂ မြို့ရေရရှိရေးလုပ်ငန်းလည်းပါဝင်ပါတယ်။ မွန်ပြည်နယ်၊ မော်လမြိုင်နဲ့သံဖြူဇရပ်မြို့ရေရရှိရေးလုပ်ငန်းများ ပါဝင်ပြီးတော့ သံဖြူဇရပ်မြို့ သန့်ရှင်း တဲ့သောက်သုံးရေရှိမှုအတွက် ဝင်းဖနုံဆည်ရေကိုရယူပြီး ဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဒီအဆိုပါလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် အကြံပေးအဖွဲ့က ကွင်းဆင်းဆောင်ရွက်ခြင်း၊ ဒီဇိုင်း လုပ်ငန်းများအပ်နှံဆောင်ရွက်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို စီမံ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မွန်ပြည်နယ်ကို ဂျပန်နည်းပညာအကြံပေးအဖွဲ့ကနေ ပြီးခဲ့တဲ့ အောက်တိုဘာလ ၃၀ ရက်နေ့ ကနေ ၃၁ ရက်နေ့အထိ ပထမအကြိမ်ကွင်းဆင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ လုပ်ငန်းလိုအပ်ချက် အပေါ်မူတည်ပြီး ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အတွင်းမှာတော့ ဒီဇိုင်းလုပ်ငန်းများစတင်ဆောင်ရွက်သွားနိုင်ရေးအတွက် တင်ဒါခေါ်တာနဲ့ ရရှိထားတဲ့ ဒီဇိုင်းအတိုင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ဖို့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေး နှစ်မှာ တင်ဒါခေါ်ယူနိုင်ရေး လျာထားဆောင်ရွက်ထားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ် ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာဖြစ်ပါတယ်။

**မှုကြမ်း**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသောကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင် တန်ဖိုးမြင့်ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်း၌ပင် အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာသို့ဈေးကွက် ချဲ့ထွင်နိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်ချိုချိုအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသောကုန်းကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင် တန်ဖိုးမြင့် Value Added ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်း၌ပင် အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ အဆိုကိုတင်သွင်းရတဲ့ ရည်ရွယ်ချက်ကတော့ ပြည်တွင်း၌ပင်ကုန်ကြမ်းများကို Value Added ဖြစ်အောင်လုပ်ဆောင်ခြင်းဖြင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်ရေး Value Added လုပ်ပြီး ပြည်ပဈေးကွက်ကို ယှဉ်ပြိုင်ရောင်းချနိုင်ခြင်းဖြင့် ပို့ကုန်ဝင်ငွေတိုးလာခြင်းနှင့်အတူ တစ်ဖက်မှာလည်း သွင်းကုန်အစားထိုးလုပ်ငန်းများ တိုးတက်လာတဲ့အတွက် သွင်းကုန်ကိုလျှော့စေပြီး နှစ်ခုပေါင်းရလာဒ်အဖြစ် ကုန်သွယ်မှုလိုငွေကို လျှော့စေကာ မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းနေမှုကို ထိန်းချုပ်နိုင်စေရေး၊ တိုင်းပြည်ဝင်ငွေတိုးလာပြီး အစိုးရရဲ့အခွန်ရငွေကိုလည်း တိုးစေလာနိုင်တဲ့ အတွက်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အာဆီယံစီးပွားရေးအသိုက်အမြုံ AEC ဝင်လာရင် နိုင်ငံတကာမှ Product တွေ Investment နှင့် Labor Force တို့ဟာ လွတ်လပ်စွာဝင်လို့ထွက်လို့ရတော့မှာဖြစ်တဲ့အတွက် မြန်မာ့ Product တွေ၊ မြန်မာ့လုပ်ငန်းရှင်တွေ ယှဉ်ပြိုင်နိုင်ပါ့မှာလားဆိုတဲ့ မေးခွန်းမျိုးဟာ စိတ်ခေါ်မှုဖြစ်နေပါတယ်။ ဒါကြောင့် Raw ဆိုရင်လည်း Raw Quality မီအောင်၊ Finished Product မှာလည်း Finished Quality မီအောင် ကြိုးစားဖို့လိုအပ်နေပြီဖြစ်သလို Made in Myanmar ဆိုတဲ့ Product တွေများစွာ ပေါ်ထွက်လာဖို့ အရေးကြီးပါတယ်။ Market ကို Easy Access ပေးနိုင်တဲ့ အစိုးရယန္တရားတွေ၊ Market Ground တွေဖြစ်လာရင် နိုင်ငံတကာမှာ စိန်ခေါ်မှုတွေ ပိုမိုလျှော့ကျလာပြီး နိုင်ငံတကာနဲ့ယှဉ်နိုင်တဲ့ အနေအထားကို ရောက်လာမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ မြင့်မားထုတ်ကုန်ပစ္စည်းဟုဆိုရာတွင် Raw Material အဆင့်ဖြင့်မဟုတ်ဘဲ ကုန်ချောပစ္စည်း (Value

Added Goods) များကို ရည်သန်ကြပေမဲ့ လက်တွေ့မှာ မြင့်မားထုတ်ကုန်တွေကို စ၊ လယ်၊ ဆိုး ထုတ်လုပ်နေကြတဲ့ လုပ်ငန်းရှင်တွေအနေနဲ့ ဘက်ပေါင်းစုံမှ အခက်အခဲများရှိနေကြပါတယ်။ ပြည်တွင်းစားသုံးသူများရဲ့ စိတ်တွေကလည်း နိုင်ငံတကာအမှတ်တံဆိပ်များကို ပိုမိုအားထားရသည်ဟု ယုံကြည်နေခြင်း၊ ပြည်တွင်းဖြစ်ပစ္စည်းများကို တန်ဖိုးမြှင့်ပေးပြီး မသုံးစွဲလိုကြခြင်းဆိုတဲ့ ဈေးကွက်ယုံကြည်မှုနဲ့ စားသုံးသူအလေ့အထများက အများပြည်သူအမြင်သာဆုံး မြင့်မားထုတ်ကုန်လုပ်ငန်းရှင်များရဲ့ အခက်အခဲတချို့ ဖြစ်နေပါတယ်။ ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်းရှိ နိုင်ငံတကာထုတ်ကုန်များနှင့်ယှဉ်ရာမှာ ထိုထုန်ကုန်များနှင့်နည်းတူ အရည်အသွေးကို အာမခံနိုင်ရန်အတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ်မှာလိုအပ်တဲ့ အဆင့်မြင့်နည်းပညာမရှိသေးခြင်း၊ တချို့လုပ်ငန်းငယ်များမှ ထိုနည်းပညာတွေကို လက်လှမ်းမမီခြင်း၊ နိုင်ငံတကာအဆင့်မီဖြစ်သော်ငြားလည်း လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးစရိတ်စကများပြားခြင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များခြင်း၊ တရားဝင်နည်းလမ်းဖြင့်ထုတ်လုပ်ကာ တရားဝင်အခွန်ပေးသွင်းနေရတဲ့လုပ်ငန်းတွေဖြစ်တဲ့အတွက်ကြောင့် ပစ္စည်းရဲ့တန်ဖိုးမြင့်တက်ရခြင်းနှင့် Illegal Trade ခေါ်တဲ့ တရားမဝင်ကုန်သွယ်မှုတွေကြောင့် ပြည်တွင်းသွင်းကုန်အစားထိုးလုပ်နေတဲ့ လုပ်ငန်းတွေအပါအဝင် SME ဟာ များစွာ ထိခိုက်နစ်နာနေကြရပါတယ်။ နိုင်ငံတော်ရဲ့စီးပွားရေးကို တည်ဆောက်တဲ့အခါမှာ ပြည်တွင်းလုပ်ငန်းတွေအားကောင်းဖို့ကလည်း အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တကယ့်စီးပွားရေးကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ တကယ်တမ်းကျန်ခဲ့မှာက ပြည်တွင်းလုပ်ငန်းတွေပဲဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒတွေမှာ ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေကို ခိုင်မာပြီး အားပေးတဲ့မူဝါဒမျိုး ဖော်ဆောင်ပေးဖို့လိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Made in Myanmar Product တွေ နိုင်ငံတကာကိုထိုးဖောက်ဖို့ဆိုတာက Innovations တွေ၊ Quality တွေက International Standard ဖြစ်ဖို့ လိုပါတယ်။ စားသောက်ကုန်ဆိုလျှင်လည်း နိုင်ငံတကာသတ်မှတ်ထားတဲ့ Food Safety နဲ့ လိုက်လျောညီထွေဖြစ်အောင်လုပ်ကိုင်နိုင်ဖို့လိုအပ်ပြီး တခြားအသုံးအဆောင်ပစ္စည်းတွေ၊ အဝတ်အထည်ကအစ လူသုံးကုန်ပစ္စည်းတွေဆိုလျှင်လည်း နိုင်ငံတကာက ဝယ်သူစိတ်ကြိုက် Quality တွေကို ထုတ်ပေးနိုင်မှ Made in Myanmar အနေနဲ့ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ မြန်မာပြည်သူပြည်သားတွေဟာ များသောအားဖြင့် ဈေးနှုန်းသက်သာတာကို စိတ်ဝင်စားကြပါတယ်။ ဒါကြောင့် အရည်အသွေးကလည်းတူတယ်ဆိုရင် ဈေးနှုန်းသက်သာတာကို ဝယ်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ကျရာ Sector မှာကိုယ်ထုတ်လိုက်တဲ့ ကုန်ချောပစ္စည်းဟာ အရည်အသွေးမီသင့်ပါတယ်။ ပြည်ပပို့ကုန်ထုတ်လုပ်ရန်၊ သွင်းကုန်အစားထိုးထုတ်လုပ်ရန်၊ ပြည်သူပြည်သားများ သက်သာချောင်ချိစွာ အသုံးပြုနိုင်စေရန်ရည်ရွယ်ချက်များဖြင့် SOE များကို ရင်းနှီးတည်ထောင်ခဲ့ကြပေမဲ့ နည်းပညာအားနည်းခြင်း၊ ဈေးကွက်စီးပွားရေးစနစ်မှာ ထုတ်ကုန်အရည်အသွေးယှဉ်ပြိုင်နိုင်စွမ်းနည်းပါးခြင်း၊ စီမံခန့်ခွဲမှုအားနည်းခြင်း စတဲ့အကြောင်းခံတွေကြောင့် နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုးသာဖြစ်လာစေတဲ့အတွက် Value Added ကို အောင်မြင်စွာအကောင်အထည်ဖော်မယ့် SME လုပ်ငန်းတွေကို နိုင်ငံတော်အနေနဲ့ အားပေးရမှာဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးလုပ်ငန်း အသေး၊ အလတ်၊ အကြီးအားလုံးရဲ့ ၂၃

ရာခိုင်နှုန်းအတွက် အဓိက အကန့်အသတ် အခက်အခဲဟာ ဘဏ္ဍာငွေကြေး အရင်းအနှီးရရှိနိုင်ရေး တွေဖြစ်ကြောင်း ၂၀၁၄ ခုနှစ်က ကမ္ဘာ့ဘဏ်အုပ်စုက မြန်မာ့စီးပွားရေးလုပ်ငန်းများ စစ်တမ်းကောက်ယူစဉ်က တွေ့ရှိခဲ့ရသောကြောင့် လုံခြုံစိတ်ချရတဲ့ ငွေပေးချေမှုစနစ် ပြုပြင်ပြောင်းလဲရေးကသာ မြန်မာ့ဈေးကွက်ဖွံ့ဖြိုးလာအောင် အထောက်အပံ့ဖြစ်စေလာနိုင်မှာ ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံ Export နဲ့ပတ်သက်ပြီး တိုးတက်ဖို့ဆက်စပ်နေတဲ့ ဌာနတွေအားလုံးကလည်း ပူးပေါင်းညှိနှိုင်းမှုတွေရှိနေရပါတော့မယ်။ ကုန်ထုတ်လုပ်တဲ့နေရာမှာလည်း ခက်နေတာတွေ၊ ရစ်နေတာတွေ၊ ညစ်တာတွေ မရှိဘဲ လုံးဝလျှင်မြန်နေရပြီး ကုန်စည်စီးဆင်းတဲ့နေရာမှာလည်း လွယ်ကူလျင်မြန်နေရပါမယ်။ အခုလက်ရှိအခြေအနေကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းတွေမှာ Value Added Industry တွေမှာ Investments တွေ နည်းနေတဲ့အတွက် Investments တွေ ဝင်လာဖို့ အခွန်ဆိုင်ရာ မက်လုံးတွေ၊ လွယ်ကူလျင်မြန်တဲ့မြေအသုံးချမှုပုံစံတွေရအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ရေပြင်က ဖမ်းဆီးရမိတဲ့ ငါး၊ ပုစွန်တွေကို ထိုင်းနိုင်ငံကို ကုန်ကြမ်းအဖြစ် ရောင်းချရာမှာ ကုန်ချောထုတ်လုပ်တဲ့ Policy ကို အစိုးရက ဥပဒေသတ်မှတ် ဆောင်ရွက်ဖို့လိုပါတယ်။ မွေးမြူရေးကဏ္ဍမှာ အမှန်တကယ်အလုပ်လုပ်ကိုင်နေသူတွေကို အတိုးနှုန်းသက်သာစွာနဲ့ ငွေကြေးပံ့ပိုး လုပ်ကိုင်စေခြင်းဖြင့် ပို့ကုန်တွေတိုးမြင့်လာမှာဖြစ်ပြီး မြေကိုလည်း စပါးမထွက်တဲ့၊ ပင်လယ်ကမ်းစပ်နဲ့နီးတဲ့ လယ်တွေကို တရားဝင် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပေးခြင်းဖြင့် လယ်တစ်ဧကကို ပုစွန်မွေးရင် အနည်းဆုံး သိန်း ၁၀၀ လောက် ဝင်ငွေရရှိလာမှာဖြစ်ပါတယ်။

ထို့အတူ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းမှထွက်ရှိလာတဲ့ ထွက်ကုန်ပစ္စည်းတွေအပေါ်မှာမူတည်ပြီး လိုအပ်တဲ့စည်သွပ်စက်ရုံတွေကိုလည်း ဒေသအလိုက် အစိုးရမှ ဦးစီးအကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ပါတယ်။ သို့မှသာ ရာသီအလိုက်ထွက်ရှိလာတဲ့ စိုက်ပျိုးရေးထွက်ကုန်တွေဟာ ထွက်ရှိချိန်မှာ ဈေးကွက်မရှိလို့ ဝယ်သူမရှိဖြစ်ကာ ဈေးကွက်ပျက်သွားပြီး စိုက်ပျိုးသူများရဲ့ စိုက်ပျိုးစရိတ်ထက် ထွက်ကုန်တန်ဖိုးကျဆင်းမှုဖြစ်ကာ အရှုံးပေါ်စေမှုကို ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ သီးနှံများထွက်ရှိချိန်မှာ သုံးစွဲသူနည်းပါးမှုကြောင့် အလဟဿဖြစ်သွားစေမယ့် သီးနှံများပျက်စီးမှုကိုလည်း အကျိုးရှိစွာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ မွေးမြူရေးထွက်ကုန်တွေကိုလည်း အကောင်လိုက်ရောင်းချခြင်းဖြင့် ဈေးနှုန်းရရှိမှုနည်းပါးခြင်းမှ အသားစည်သွပ်ဗူးများ ပြုလုပ်ခြင်းဖြင့် ဈေးနှုန်းများပိုမိုရရှိစေမှာဖြစ်တဲ့အတွက် Value Added စည်သွပ်ဗူးစက်ရုံများ ပြည်တွင်း၌ များစွာအကောင်အထည်ဖော်နိုင်ရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ Value Added ဆိုတဲ့အခါမှာလည်း ဝယ်ယူနိုင်စွမ်းအားလည်းလိုပြီး ပြည်သူတွေဝယ်စားနိုင်ဖို့ လူနေမှုအဆင့်အတန်းအခြေအနေ မြင့်မားလာဖို့လိုပြီး မြင့်တက်လာရန်အတွက်လည်း အခြေခံစီးပွားရေးအဆောက်အဦမြင့်တင်ရမှာဖြစ်လို့ အားလုံးဟာ ချိတ်ဆက်နေတာဖြစ်ပြီး နိုင်ငံတော်အနေနဲ့ Value Added ကဏ္ဍကို ပိုမိုအားမြှင့်အောင် လိုအပ်တဲ့အထောက်အပံ့များ ပေးဖို့လိုအပ်နေပြီဖြစ်ပါတယ်။ Innovative တီထွင်ဆန်းသစ်နည်းလမ်းများဖြင့် လုပ်ဆောင်သင့်နေပြီးပြည်သူတွေအနေနဲ့လည်း တီထွင်ဆန်းသစ်မှုတွေကို လုပ်ဆောင်သင့်သလို နိုင်ငံတော်အနေနဲ့လည်း ယင်းဆန်းသစ်မှုတွေကို လက်ခံပေးရမယ့်အပြင် ဒီ့ထက်ပိုမိုကောင်းမွန်တဲ့ နည်းပညာတွေကို ဖော်ထုတ်

ပေးရပါမယ်။ လိုအပ်တဲ့အရင်းအနှီးတွေကို ချောမွေ့လွယ်ကူစွာရရှိရေးအတွက်လည်း အတားအဆီး တွေကို နည်းနိုင်သမျှနည်းအောင် ဖန်တီးလုပ်ဆောင်ပေးခြင်းနှင့်အတူ ကိုယ့်တိုင်းရင်းသား ပြည်သူ လုပ်ငန်းရှင်တွေကို ကြည့်သင့်တာထက် ပိုမိုကြည့်ပေးစေချင်ပါတယ်။ အစိုးရမှ Basic International ပံ့ပိုးပေးရန် သွင်းအားစုဈေးသက်သာအောင် Permits to Export လွယ်လွယ်ကူကူဖြစ်အောင် Export Incentive တွေကိုလည်း Market ရဲ့ Export ကိုကြည့်ပြီး ပေးသင့်ပါတယ်။ မျိုးစေ့၊ ထုတ်ကုန်၊ ပို့ကုန်တွေနဲ့ ဆက်စပ်နေတဲ့ Supply Chain တစ်ခုလုံးအတွက် သယ်ယူပို့ဆောင်မှု စရိတ်စကတွေ၊ လမ်းကြောင်းတွေကိုပါ အစိုးရဘက်ကနေလုပ်ပေးဖို့ လိုအပ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ပြည်တွင်းမှာ Value Added အနေနဲ့ ကော်ဖီ၊ လက်ဖက်စတဲ့ လုပ်ငန်းတွေ ကတော့ ကောင်းမြင်စွာအကောင်အထည်ဖော်နိုင်ပြီးတော့ နိုင်ငံတကာဈေးကွက်ကိုလည်း ချဲ့ထွင်နေ ပြီဖြစ်ပါတယ်။ ထို့အတွက်ကြောင့် နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမယ့် Value Added တွေ ပြည်တွင်း၌လျှင်မြန်စွာဖွံ့ဖြိုးကြီးမားလာစေရေးအတွက် လိုအပ်ချက်တွေကို နိုင်ငံတော် ၏အစီအမံဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ သို့ပါ၍ ပြည်သူ့လွှတ်တော်ကြီးမှ ဤအဆိုအား ကျယ်ကျယ် ပြန့်ပြန့်ဆွေးနွေးနိုင်ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ချိုချို တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော် ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးဖြစ်ပါတယ်။ ပဲခူး တိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုတင်သွင်းတဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှထွက်ရှိတဲ့ ကုန်ကြမ်းများကို အရည်အသွေးမီ ကမ္ဘာ့ဈေးကွက်ဝင် ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်းမှာထုတ်လုပ်ပြီးတော့ နိုင်ငံတကာဈေးကွက်ကို ပို့မယ်ဆိုလို့ရှိရင် ပို့နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ဤလွှတ်တော်ကြီး ကနေပြီးတော့ လက်ခံဆွေးနွေးနိုင်ရေးအတွက် ကျွန်တော် ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့လက်ရှိအခြေအနေမှာ ပို့ကုန်ပမာဏထက် သွင်းကုန်ပမာဏကများတဲ့အခါမှာ ကုန်သွယ်မှုလိုငွေတွေဟာ နှစ်စဉ်ပြနေတာ ဖြစ်ပါတယ်။ ဒီကုန်သွယ်မှုလိုငွေတွေကို လျော့ပါးစေဖို့ဆိုတာဟာ ကျွန်တော်တို့ ပို့ကုန်ကို များများထုတ်လုပ်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ အဲဒီလိုထုတ်လုပ်နိုင်တဲ့နေရာမှာလည်းပဲ ကျွန်တော်တို့ဘက်က ဈေးကွက်ဝင်တဲ့၊ အရည်အသွေးမီတဲ့ကုန်ပစ္စည်းတွေကို ထုတ်လုပ်မှသာလျှင် ကျွန်တော်တို့လိုအပ်တဲ့ ကုန်သွယ်မှု လိုငွေကို ကျွန်တော်တို့လျော့ပါးစေမှာဖြစ်ပါတယ်။ တစ်ဖက်ကကြည့်မယ်ဆိုလို့ရှိရင်လည်းပဲ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကအခြေခံတဲ့ နိုင်ငံဖြစ်ပါတယ်။ အဲဒီတော့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံတဲ့နိုင်ငံဖြစ်တဲ့အတွက် ကျွန်တော်တို့က စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အဓိကထားပြီးတော့ ပို့ကုန်ရရှိရေးအတွက် ဆောင်ရွက်ဖို့ဟာ ဒါ ကျွန်တော်တို့

အတွက် အခွင့်အလမ်းကောင်း တစ်ခုပဲဖြစ်ပါတယ်။ ဒီနေရာမှာလည်းပဲ ကျွန်တော်တို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးရဲ့ လုပ်ငန်းကပစ္စည်းတွေကို ပို့ကုန်အဖြစ်လုပ်တဲ့နေရာမှာ ကုန်ကြမ်းထက်စာလို့ရှိရင်တော့ ကုန်ချောပို့နိုင်မယ်ဆိုရင် ကျွန်တော်တို့တိုင်းပြည်အတွက် အများကြီးအကျိုးရှိမှာ ဖြစ်ပါတယ်။ ကုန်ချောပို့တဲ့နေရာမှာလည်းပဲ ကျွန်တော်တို့ အဓိကလယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို လုပ်တဲ့ လူတွေအများစုဟာ ဆင်းရဲသားတွေဖြစ်ပါတယ်။ ကျေးလက်မှာနေကြပါတယ်။ ဒီလူတွေရဲ့လုပ်ငန်းကို အောင်မြင်ဖို့ဆိုတာ တစ်ဖက်ကလည်း နိုင်ငံတော်က ငွေကြေးအထောက်အကူပြုသလို နည်းပညာ အထောက်အကူကလည်း များစွာပြုဖို့လိုပါတယ်။ ဒီလိုနည်းပညာနှင့် ငွေကြေးအထောက်အကူပြုမယ် ဆိုလို့ရှိရင် သူတို့ဆီက ထွက်ရှိလာတဲ့ပစ္စည်းသည် တစ်ဖက်က ကျွန်တော်တို့တိုင်းပြည်ရဲ့လိုငွေပြမှုကို လျော့နည်းစေသလို၊ တိုင်းပြည်အကျိုးအတွက်ရှိသလို ကျေးလက်မှာနေကြတဲ့ တကယ်လုပ်ငန်းလုပ် နေကြတဲ့ တောင်သူလယ်သမားတွေရဲ့ လူနေမှုစီးပွားရေးကလည်း မြင့်တက်လာမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ တစ်ဖက်တစ်လမ်း ကြည့်မယ်ဆိုရင်တော့ ဒေါ်ချိုချိုရဲ့အဆိုဟာ ကျွန်တော်တို့ တိုင်းပြည်အတွက် လက်ငင်းဆောင်ရွက်ရမယ့် လုပ်ငန်းပမာ များစွာထိရောက်တဲ့အဆိုလို့ပဲ ကျွန်တော် လေးစားစွာဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကို တင်ပြလိုပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို လုပ်ကိုင်တဲ့နေရာ မှာလည်းပဲ ဒီလုပ်ငန်းအပေါ်မှာ အောင်မြင်လာရေးအတွက်သည် အဓိကလုပ်သူနဲ့ ကျွန်တော်တို့ ပံ့ပိုးတဲ့ ပြည်ထောင်စုအစိုးရအပေါ်မှာ များစွာတာဝန်ရှိပါတယ်။ နှစ်ဦးနှစ်ဖက်က ညီညီညွတ်ညွတ်နဲ့ ဥပဒေတစ်ရပ်ပြဋ္ဌာန်း၍သော်လည်းကောင်း၊ ဒါမှမဟုတ်လို့ရှိရင် အစိုးရရဲ့အစီအမံနဲ့သော် လည်းကောင်း ဆောင်ရွက်လို့ရှိရင် ဒီလုပ်ငန်းတွေအောင်မြင်မယ်ဆိုရင် လတ်တလော ကျွန်တော်တို့ တွေ့ကြုံနေရတဲ့ စီးပွားရေးအကြပ်အတည်းနဲ့ လိုငွေပြမှုတွေအားလုံးကို အောင်မြင်သွားမှာပဲဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ ဒေါ်ချိုချိုရဲ့ အဆိုနဲ့ကြည့်မယ်ဆိုလို့ရှိရင် ကြည့်လိုက်ရင် ကျွန်တော် အချက် ငါးချက်သွားတွေ့ရတာဖြစ်ပါတယ်။ ဒီအဆိုမှာ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအနေနဲ့ အကောင် အထည်ဖော်နိုင်မယ်ဆိုလို့ရှိရင် ကုန်သွယ်မှုလိုငွေကို ကျွန်တော်တို့ လျော့နည်းစေတာ သွားတွေ့ရပါ မယ်။ နောက်တစ်ချက်ကလည်းပဲ မြန်မာငွေကျပ်တွေ ဖောင်းပွမှုနဲ့ တန်ဖိုးကျမှုကို ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိက အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက် အာဆီယံစီးပွားရေးအသိုက်အဝန်းရဲ့ AEC မှာလည်း ဝင်ရောက်ပြီးတော့ စီးပွားရေးက ဝင်ရောက်ယှဉ်ပြိုင်နိုင်မှာဖြစ်ပါတယ်။ အဲဒီလို ဝင်ရောက်ယှဉ်ပြိုင်နိုင်သလို ကျွန်တော်တို့ အစိုးရအနေနဲ့ ဝင်ငွေတိုးပြီးတော့ တောင်သူများရဲ့ လူနေမှု ဘဝလည်း မြင့်မားလာမှာဖြစ်တဲ့အတွက် ဒေါ်ချိုချိုရဲ့အဆိုကို လွှတ်တော်ကြီးကနေပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခွင့်ရရှိနိုင်ရေးအတွက် ကျွန်တော် လေးစားစွာဖြင့် ထောက်ခံဆွေးနွေးအပ် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ)

နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဒေါ်ချိုချို တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းသော လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိလာသော ကုန်ကြမ်းများကို ကမ္ဘာ့ဈေးကွက်ဝင် တန်ဖိုးမြှင့် ကုန်ပစ္စည်းများဖြစ်အောင် ပြည်တွင်း၌ပင် အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာသို့ ဈေးကွက်ချဲ့ထွင်နိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဒေါ်ချိုချို၊ အုတ်တွင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၈-၁၁-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(အဖွဲ့ဝင်၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)** ။ ။ မင်္ဂလာပါရှင်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကံကောင်းခြင်းများစွာ ပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မကတော့ စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင် ဖြစ်ပြီးတော့ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါတယ်။ ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။ အစီရင်ခံစာမိတ္တူကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ကော်မတီအစီရင်ခံစာမှာ အခန်း(၁၂)ခန်းပါရှိပါတယ်။ ၁-၂-၂၀၁၇ ရက်နေ့မှ ၃၁-၁-၂၀၁၈ ရက်နေ့အထိ ကော်မတီဝင်များဆောင်ရွက်ခဲ့သော ပြည်တွင်း၊ ပြည်ပ ဆွေးနွေးမှုမှတ်တမ်းများ၊ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် တင်သွင်းခဲ့သော အဆိုများ၊ ပြည်တွင်း၊ ပြည်ပတက်ရောက်ခဲ့သည့် Workshop ၊ Seminar နှင့် အစည်းအဝေးမှတ်တမ်းများကို

စုံလင်စွာ တင်ပြအစီရင်ခံထားပါတယ်။ ကော်မတီဖွဲ့စည်းခြင်းအခန်းတွင် ၁၆-၂-၂၀၁၇ ရက်၌ ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁၄/၂၀၁၇)အရ ကြည်း ၂၁၈၈၁ ဗိုလ်မှူးကြီး ထွန်းမြတ်ရွှေအစား ကြည်း ၁၇၃၄၀ ဗိုလ်မှူးချုပ် အောင်ကျော်ငြိမ်း တပ်မတော်သား ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အား ကော်မတီအဖွဲ့ဝင်အဖြစ် အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းဖြင့် လည်းကောင်း၊ ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၁၇)အရ ဦးဇော်ဝင်း၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်နှင့် ဦးကျော်ကြီး(ခ)ဦးအုန်းခင်၊ မင်းလှမဲဆန္ဒနယ်တို့အား ကော်မတီဝင် များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ရုံးရဲ့ ၁၆-၂-၂၀၁၇ ရက်စွဲပါ အမိန့်အမှတ်(၁/၂၀၁၇)အရ ကြည်း ၂၁၈၈၁ ဗိုလ်မှူးကြီးထွန်းမြတ်ရွှေနှင့် ကြည်း ၂၈၁၆၁ ဒုတိယ ဗိုလ်မှူးကြီးဇော်ထွန်းဦး တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို လေ့လာသူများ အဖြစ် တာဝန်ပေးအပ်ခဲ့ပါတယ်။ ကော်မတီမှာ ပါတီအလိုက် ပါဝင်မှုမှာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ၁၆ ဦး၊ တပ်မတော်သားကိုယ်စားလှယ် တစ်ဦးနှင့် လေ့လာသူ တပ်မတော်သား ကိုယ်စားလှယ် နှစ်ဦးတို့ပါဝင်ပါတယ်။ ကော်မတီရဲ့သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်ထားပါတယ်။ လိုအပ်ပါက တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးနိုင်ပါတယ်။ ပြည်သူ့ လွှတ်တော်ရုံးရဲ့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် အမိန့်ကြော်ငြာစာအမှတ်(၁၃/၂၀၁၇)အရ သက်တမ်းတစ်နှစ်တိုးမြှင့်ခဲ့ပါတယ်။ ကော်မတီရဲ့တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များနှင့် အခွင့်အရေးများကိုလည်း အစီရင်ခံစာတွင် ဖော်ပြထားပါတယ်။ ကော်မတီရဲ့ဆောင်ရွက်များတွင် ကော်မတီအဖွဲ့ဝင်များအနေဖြင့် မေးမြန်းခဲ့သော ကြယ်ပွင့်ပြမေးခွန်း ၂၀၊ ကြယ်ပွင့်မပြမေးခွန်း ၆၄ စုစုပေါင်း မေးခွန်း ၈၄ ခုနှင့် တင်သွင်းခဲ့သော အဆိုနှစ်ခုရှိပါတယ်။ ကော်မတီဝင်များသည် ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ရေးရာဆောင် I7 တွင် ၂၉ ကြိမ်၊ Workshop ၊ Seminar၊ Training နှင့် အခမ်းအနားများကို လွှတ်တော်ပြင်ပတွင် ၄၁ ကြိမ်နှင့် လွှတ်တော်တွင်း ၃၉ ကြိမ် တက်ရောက်ခဲ့ပါတယ်။ တွေ့ဆုံမှုများကို ပြည်တွင်းအဖွဲ့အစည်းများနှင့် လေးကြိမ်၊ ပြည်ပ အဖွဲ့အစည်းများနှင့် ၉ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ကော်မတီဝင်များရဲ့ ပြည်ပခရီးစဉ် သွားရောက်မှုများကို အစီရင်ခံစာတွင် ဇယားဖြင့် ဖော်ပြထားပါတယ်။ ကော်မတီနှင့်သက်ဆိုင်သည့် ဥပဒေပေါင်း ၃၁ ခုရှိပါတယ်။ ပြဋ္ဌာန်းပြီး ဥပဒေ ၁၄ ခု၊ စိစစ်နေဆဲဥပဒေ ၅ ခုနှင့် စိစစ်ရန်ကျန်ရှိသည့် ဥပဒေ ၁၂ ခုရှိပါတယ်။ ကော်မတီနှင့် သက်ဆိုင်တဲ့ ဝန်ကြီးဌာန သုံးခုမှာ စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ ဖြစ်ပါတယ်။ အစီရင်ခံသည့်ကာလအတွင်းမှာ သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေး ခဲ့သော ဆောင်ရွက်ချက်တချို့ကို တင်ပြလိုပါတယ်။ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် တွေ့ဆုံဆွေးနွေးရာမှာ ခေတ်ကာလနှင့် မလျော်ညီသော ငှားရမ်းခနည်းနေသည့် ဟိုတယ်များအား ငှားရမ်းခများ တိုးမြှင့်သတ်မှတ်နိုင်ရေး အကြံပြုဆွေးနွေးခဲ့ပါတယ်။ ကော်မတီရဲ့ အကြံပြုချက်အရ မိတ္ထီလာဟိုတယ်ကို တစ်နှစ်ငှားရမ်းခ ကျပ်သိန်း ၅၀ မှ ကျပ်သိန်း ၅၅၀ သို့ လည်းကောင်း၊ သရပါဟိုတယ်ကို တစ်နှစ်ငှားရမ်းခ ကျပ်သိန်း ၇၅၀ မှ ကျပ်သိန်း ၁၁၂၅ သို့ လည်းကောင်း၊ ပုဂံ သံတဲဟိုတယ်ကို တစ်နှစ်ငှားရမ်းခ ကျပ်သိန်း ၁၀၀၀ မှ ကျပ်သိန်း ၁၂၀၀ သို့လည်းကောင်း၊ Panorama Hotel ဟိုတယ်ကို တစ်နေ့ငှားရမ်းခ ကျပ်သိန်း

၅၀၀ မှ ကျပ်သိန်း ၅၇၅ သို့လည်းကောင်း တိုးမြှင့်သတ်မှတ်နိုင်ခဲ့ပါတယ်။ မြတ်မန္တလာဟိုတယ်နှင့် ကရဝိတ် ဟိုတယ်ခန်းမတို့ကို ငှားရမ်းသက်တမ်းကုန်လျှင် တင်ဒါစနစ်ဖြင့် ငှားရမ်းရန်၊ ဟိုတယ်နှင့် ခရီးသွား လာရေးဝန်ကြီးဌာနအား အကြံပြုခဲ့ပါတယ်။ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်း မူဆယ်က တရုတ်နိုင်ငံအတွင်းရှိ ၎င်းတို့၏ ဘဏ်ငွေစာရင်းများ အပိတ်ခံရသည့်ကိစ္စကို ပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီအား အကူအညီ တောင်းခံခဲ့ပါတယ်။ ကော်မတီဟာ အဆိုပါကိစ္စနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ၎င်းလုပ်ငန်းရှင်များအသင်းကို ကော်မတီ၌ ဖိတ်ကြားတွေ့ဆုံညှိနှိုင်းဆောင်ရွက် ပေးခဲ့ပြီးတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် တစ်ဖက်နိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုခဲ့ပါတယ်။ ကော်မတီရဲ့ ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအနေဖြင့် (၁) ကော်မတီနှင့်သက်ဆိုင် သည့် ဥပဒေများကို အသစ်ရေးဆွဲ၊ ပြင်ဆင်၊ ပယ်ဖျက်ရန် ဆက်လက်စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ (၂) စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ (၃) သက်ဆိုင်သည့်ဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ သနားခံစာများ၊ တင်ပြချက်များကို ကော်မတီအနေဖြင့် ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြအစီရင်ခံသွားမည် ဖြစ်ပါသည်။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါသည်။ (၁) ကော်မတီအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်ဆန် ထိရောက်စေရေးအတွက် ဖိတ်ကြားခံရသော သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အဆုံးအဖြတ် ပေးနိုင်သော တာဝန်ရှိသူများအား တက်ရောက်ဆွေးနွေးရန် လိုအပ်ပါသည်။ (၂) စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ဆောင်နိုင်ရန်အတွက် ကော်မတီအဖွဲ့ဝင် များ၊ ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများသို့ သွားရောက် လေ့လာခြင်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများမှ ကျင်းပပြုလုပ်သည့် Workshop Seminar Tanning များ တက်ရောက်စေခြင်းများ လုပ်ဆောင်ရန်လိုအပ်ပါသည်။ (၃) မိမိတို့ သက်ဆိုင်သည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ လက်တွေ့ကျပြီးတော့ မှန်ကန်ထိရောက်စေရေးအတွက် လိုအပ်များရှိပါက အခါအားလျော်စွာ ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ နိဂုံးချုပ်အနေဖြင့် ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် သက်ဆိုင်သော ဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေများ အမိန့်နှင့်ညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်းများကို စဉ်ဆက်မပြတ် ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ စဉ်ဆက်မပြတ် လေ့လာသုံးသပ်သွား မည်ဖြစ်ပါသည်။ စိစစ်ရန်ကျန်ရှိ သည့်ဥပဒေများကို ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိ ပြီးတော့ လွှတ်တော်က ပေးအပ်သည့် တာဝန်များကိုလည်း ကျေပွန်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ပြည်သူ့ လွှတ်တော်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**မူကြမ်း**

[အစီရင်ခံစာအပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်သူ့လွှတ်တော်**

**စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏**

**(၁.၂.၂၀၁၇) ရက်နေ့မှ (၃၁.၁.၂၀၁၈) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**

**နိဒါန်း**

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ၁-၂-၂၀၁၇ ရက်နေ့မှ ၃၁-၁-၂၀၁၈ ရက်နေ့အထိ ဆောင်ရွက်ခဲ့သော ကော်မတီလုပ်ငန်းများ၊ ပြည်တွင်း/ ပြည်ပ တွေ့ဆုံဆွေးနွေးမှုမှတ်တမ်းများ၊ ကော်မတီဝင်တစ်ဦးချင်းအလိုက် မေးမြန်း ခဲ့သည့် ကြယ်ပွင့်ပြ/မပြ မေးခွန်းနှင့် တင်သွင်းခဲ့သည့် အဆိုများ၊ တက်ရောက်ခဲ့သည့် ပြည်တွင်း/ ပြည်ပ Workshop, Seminar, အခမ်းအနားနှင့် အစည်းအဝေးမှတ်တမ်းများအား စုံလင်စွာ တင်ပြအစီရင်ခံအပ်ပါသည်။

**ရည်ရွယ်ချက်**

၂။ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီး သွားလာရေးဝန်ကြီးဌာနတို့၏ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း များကို လေ့လာသုံးသပ်ပြီး ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ရန်၊

(ခ) ကော်မတီသည် နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်း၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းများကို ဘဏ္ဍာနှစ်အလိုက် စိစစ်ခြင်းနှင့် အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များကို မှန်ကန်စွာ စိစစ်ဆောင်ရွက်ပေးရန်၊

(ဂ) ပြည်သူများကို အကျိုးပြုစေမည့် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေကြမ်းများတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း၊ နိုင်ငံတကာ လွှတ်တော်များ၏ ဆောင်ရွက်ချက်များကို လေ့လာသုံးသပ်ပြီး မိမိတို့ကော်မတီ၏ လုပ်ငန်းများ ပိုမိုတိုးတက် ကောင်းမွန်လာစေရေးအတွက် ဆောင်ရွက်သွားရန်၊

**ကော်မတီဖွဲ့စည်းခြင်း**

၃။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၁၆-၂-၂၀၁၇ ရက်၌ ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁၄/ ၂၀၁၇) အရ ကြည်း ၂၁၈၈၁ ဗိုလ်မှူးကြီး ထွန်းမြတ်ရွှေ (အစား) ကြည်း ၁၇၃၄၀ ဗိုလ်မှူးချုပ် အောင်ကျော်ငြိမ်း (တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)အား ကော်မတီ

**မူကြမ်း**

အဖွဲ့ဝင်အဖြစ် အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းဖြင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁၅/၂၀၁၇)အရ ဦးဇော်ဝင်း (ကြည့်မြင်တိုင်မဲဆန္ဒနယ်)နှင့် ဦးကျော်ကြီး(ခ)ဦးအုန်းခင် (မင်းလှမဲဆန္ဒနယ်)တို့အား ကော်မတီဝင်များအဖြစ် ထပ်မံ ထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။

(ခ) ပြည်သူ့လွှတ်တော်ရုံး၏ ၁၆-၂-၂၀၁၇ ရက်စွဲပါ အမိန့်အမှတ်(၁/၂၀၁၇)အရ ကြည်း ၂၁၈၈၁ ဗိုလ်မှူးကြီးထွန်းမြတ်ရွှေနှင့် ကြည်း ၂၈၁၆၁ ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းဦး တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၂)ဦးကို လေ့လာသူများအဖြစ် တာဝန် ပေးခဲ့ပါသည်။

စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ကော်မတီဝင်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

| **စဉ်** | **အမည်** | **မဲဆန္ဒနယ်** | **တာဝန်** | **ပါတီ** |
|---|---|---|---|---|
| (၁) | ဦးခင်အေး | နတ်တလင်း | ဥက္ကဋ္ဌ | NLD |
| (၂) | ဦးသာချို(ခ)ဦးတင်ကြိုင် | ရေနံချောင်း | အဖွဲ့ဝင် | ॥ |
| (၃) | ဦးစိုးမြင့် | ပင်းတယ | အဖွဲ့ဝင် | ॥ |
| (၄) | ဦးမောင်မောင် | ထီးချိုင့် | အဖွဲ့ဝင် | ॥ |
| (၅) | ဦးရဲလွင် | အလုံ | အဖွဲ့ဝင် | ॥ |
| (၆) | Dr.ကြည်မို့မို့လွင် | စဉ့်ကိုင် | အဖွဲ့ဝင် | ॥ |
| (၇) | ဦးကျော်မင်းလှိုင် | ဥတ္တရသီရိ | အဖွဲ့ဝင် | ॥ |
| (၈) | ဒေါ်ဝင့်ဝါထွန်း | ရှားတော | အဖွဲ့ဝင် | ॥ |
| (၉) | ဦးလုံဂျုံဆန်မိုင် | ဆွမ်ပရာဘွမ် | အဖွဲ့ဝင် | ॥ |
| (၁၀) | ဦးအောင်သန်းစိန် | ခန္တီး | အဖွဲ့ဝင် | ॥ |
| (၁၁) | ဒေါက်တာအေးမင်း | ခရမ်း | အဖွဲ့ဝင် | ॥ |
| (၁၂) | ဦးသိန်းထွန်း | သာပေါင်း | အဖွဲ့ဝင် | ॥ |
| (၁၃) | ဦးငွေမင်းသိန်း | ကြို့ပင်ကောက် | အဖွဲ့ဝင် | ॥ |
| (၁၄) | ဗိုလ်မှူးချုပ်အောင်ကျော်ငြိမ်း | တပ်မတော် | အဖွဲ့ဝင် | တပ်မတော်သား |
| (၁၅) | ဦးဇော်ဝင်း | ကြည့်မြင်တိုင် | အဖွဲ့ဝင် | NLD |
| (၁၆) | ဦးကျော်ကြီး(ခ)ဦးအုန်းခင် | မင်းလှမဲဆန္ဒနယ် | အဖွဲ့ဝင် | ॥ |
| (၁၇) | ဦးခင်မောင်စိုး | ဝမ်းတွင်း | အတွင်းရေးမှူး | ॥ |

**မူကြမ်း**

(၁၈) ဗိုလ်မှူးကြီးထွန်းမြတ်ရွှေ | တပ်မတော် | လေ့လာသူ တပ်မတော်သား

(၁၉) ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းဦး | တပ်မတော် | လေ့လာသူ တပ်မတော်သား

(ဂ) စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ပါတီအလိုက် ပါဝင်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(၁၆)ဦး

(၂) တပ်မတော်သားကိုယ်စားလှယ်(၁)ဦးနှင့် လေ့လာသူ တပ်မတော်သား ကိုယ်စားလှယ်(၂)ဦး တို့ ပါဝင်ပါသည်။

**ကော်မတီ သက်တမ်း**

၄။ ကော်မတီ၏သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ် သတ်မှတ်ထားပါသည်။ လိုအပ်ပါက တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးနိုင်သည်။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့၊ အမိန့်ကြော်ငြာစာအမှတ်(၁၃/၂၀၁၇)အရ သက်တမ်း တစ်နှစ် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

**ကော်မတီ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များနှင့် အခွင့်အရေးများ**

၅။ ကော်မတီ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များနှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ကော်မတီ၏ တာဝန်များ**

(၁) စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ရမည်။

(၂) စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ၊ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်ရာတွင် ကူညီရမည်။

(၃) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ရမည်။

(၄) စီမံကိန်းများ၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာကိစ္စရပ်များ စနစ်တကျရှိစေရေးနှင့် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် ညှိနှိုင်းကူညီဆောင်ရွက်ရမည်။

(၅) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်း ရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(၆) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ် ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက် မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(၇) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

(၈) ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ် များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

(၉) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေး ချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီ အစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေ ခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်းထိန်းသိမ်းထား နိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

(ခ) **လုပ်ပိုင်ခွင့်များ**

(၁) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးသို့မဟုတ် ကော်မတီက တာဝန်ပေးအပ် သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(၂) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘော ကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(၃) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော

ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(၄) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(၅) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

(၆) ကော်မတီဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆို ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(၇) ကော်မတီဝင်များသည် လွှတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(၈) ကော်မတီဝင်များသည် ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကြိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

(ဂ) **ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

(၁) ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန်သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့် ရှိသည်။

(၂) ကော်မတီဝင်များသည် ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ မှအပ တည်ဆဲအခြား ဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(၃) ကော်မတီဝင်များသည် ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(၄) ကော်မတီဝင်များသည် ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**မူကြမ်း**

**ကော်မတီအဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များ**

၆။ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင်များအနေဖြင့် မေးမြန်း ခဲ့သော မေးခွန်းများနှင့် တင်သွင်းခဲ့သော အဆိုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အမည် | မဲဆန္ဒနယ် | တင်သွင်းခဲ့သော အဆို | မေးမြန်းခဲ့သော မေးခွန်း | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | |
| ၁။ | ဦးခင်အေး | နတ်တလင်း | - | ၂ | - | |
| ၂။ | ဦးသာချို | ရေနံချောင်း | - | ၁ | - | |
| ၃။ | ဦးစိုးမြင့် | ပင်းတယ | - | ၁ | ၆ | |
| ၄။ | ဦးမောင်မောင် | ထီးချိုင့် | - | ၄ | ၁၄ | |
| ၅။ | ဦးရဲလွင် | အလုံ | - | - | ၂ | |
| ၆။ | Dr.ကြည်မို့မို့လွင် | စဉ့်ကိုင် | - | ၂ | - | |
| ၇။ | ဦးကျော်မင်းလှိုင် | ဥတ္တရသီရိ | - | ၂ | - | |
| ၈။ | ဦးအောင်သန်းစိန် | ခန္တီး | - | ၂ | ၅ | |
| ၉။ | Dr.အေးမင်း | ခရမ်း | ၁ | ၁ | ၃ | |
| ၁၀။ | ဦးသိန်းထွန်း | သာပေါင်း | ၁ | ၁ | ၄ | |
| ၁၁။ | ဦးငွေမင်းသိန်း | ကြို့ပင်ကောက် | - | ၄ | ၂၀ | |
| ၁၂။ | ဦးကျော်ကြီး | မင်းလှ | - | - | ၂ | |
| ၁၃။ | ဦးခင်မောင်စိုး | ဝမ်းတွင်း | - | - | ၈ | |
| | **စုစုပေါင်း** | | ၂ | ၂၀ | ၆၄ | |

၇။ ကော်မတီဝင်များသည် ကော်မတီ၏လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို ရေးရာ ဆောင် (I-7) တွင် (၂၉) ကြိမ်၊ Workshop, Seminar, Training, နှင့် အခမ်းအနားများကို လွှတ်တော်ပြင်ပတွင် (၄၁) ကြိမ်နှင့် လွှတ်တော်တွင်း (၃၉) ကြိမ် တက်ရောက်ခဲ့ကြပါသည်။ တက်ရောက်မှု အသေးစိတ်ကို **နောက်ဆက်တွဲ (က)၊ နောက်ဆက်တွဲ (က-၁)** တို့ဖြင့် ပူးတွဲ တင်ပြအပ်ပါသည်။

**မူကြမ်း**

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တွေ့ဆုံမှုများကို ပြည်ပအဖွဲ့အစည်းများနှင့် (၉) ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် (၄) ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ အသေးစိတ်ကို **နောက်ဆက်တွဲ (ခ)၊ နောက်ဆက်တွဲ (ခ-၁)** တို့ဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

၉။ ကော်မတီဝင်များ၏ ပြည်ပခရီးစဉ်သွားရောက်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အမည် | တာဝန် | နိုင်ငံ | ကာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | မှ | ထိ | |
| ၁။ | ဦးခင်အေး | ဥက္ကဋ္ဌ | ထိုင်း | ၁-၂-၂၀၁၇ | ၃-၂-၂၀၁၇ | ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းအခွန်ကောက်ခံခြင်းဆိုင်ရာ လေ့လာရေးခရီးစဉ် |
| ၂။ | ဦးခင်အေး | ။ | ဂျပန် | ၂၅-၁၁-၂၀၁၇ | ၃၀-၁၁-၂၀၁၇ | ဂျပန်နိုင်ငံတွင် ကျင်းပသော 3rd Industrial Human Resource Development Symposium သို့ တက်ရောက်ခြင်း |
| ၃။ | ဦးခင်မောင်စိုး | အတွင်းရေးမှူး | ထိုင်း | ၂၇-၉-၂၀၁၇ | ၂၉-၉-၂၀၁၇ | ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း အခွန်ကောက်ခံခြင်းဆိုင်ရာလေ့လာရေးခရီးစဉ် |
| ၄။ | ဒေါ်ဝင့်ဝါထွန်း | အဖွဲ့ဝင် | တရုတ် | ၄-၉-၂၀၁၇ | ၉-၉-၂၀၁၇ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီး |

**မူကြမ်း**

| စဉ် | အမည် | တာဝန် | နိုင်ငံ | ကာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | မှ | ထိ | |
| ၅။ | ဦးသိန်းထွန်း | ။ | ဂျပန် | ၂၅-၁၁-၂၀၁၇ | ၃၀-၁၁-၂၀၁၇ | ဂျပန်နိုင်ငံတွင် ကျင်းပသော 3rd Industrial Human Resource Development Symposium သို့ တက်ရောက်ခြင်း |

| စဉ် | အမည် | တာဝန် | နိုင်ငံ | ကာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | မှ | ထိ | |
| ၆။ | ဦးကျော်မင်းလှိုင် | အဖွဲ့ဝင် | ဂျပန် | ၂၅-၁၁-၂၀၁၇ | ၃၀-၁၁-၂၀၁၇ | ဂျပန်နိုင်ငံတွင် ကျင်းပသော 3rd Industrial Human Resource Development Symposium သို့ တက်ရောက်ခြင်း |

**ကော်မတီနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများ**

၁၀။ ကော်မတီနှင့်သက်ဆိုင်သည့် အောက်ပါဝန်ကြီးဌာန(၃)ခု ရှိပါသည် -

(က) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဂ) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

**ကော်မတီနှင့် သက်ဆိုင်သည့် ဥပဒေများ**

၁၁။ ကော်မတီအား စိစစ်ရန်သတ်မှတ်ပေးထားသည့် ဥပဒေ (၃၁) ခုရှိပါသည်။ ၎င်းဥပဒေ များနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ပြဌာန်းပြီးဥပဒေ (၁၄) ခု**

(၁) The Sea Customs Act (ပထစဥပဒေအမှတ် ၁၃/၂၀၁၅)

(၂) The Myanmar Stamp Act (ပထစဥပဒေအမှတ် ၁၉/၂၀၁၇)

(၃) The Myanmar Merchandise Marks Act (ပထစဥပဒေအမှတ် ၃၅/၂၀၁၃)

(၄) The Land Customs Act (ပထစဥပဒေအမှတ် ၁၄/၂၀၁၅)

(၅) ဝင်ငွေခွန်ဥပဒေ (ပထစဥပဒေအမှတ် ၃၆/၂၀၁၆)

(၆) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ (ပထစဥပဒေအမှတ် ၁၈/၂၀၁၅)

(၇) အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ (ပထစဥပဒေအမှတ် ၁၃/၂၀၁၂)

(၈) ပို့ကုန်သွင်းကုန်ဥပဒေ (ပထစ ဥပဒေအမှတ် ၁၇/၂၀၁၂)

(၉) ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ(ပထစဥပဒေအမှတ် ၁/၂၀၁၄)

(၁၀) ယှဉ်ပြိုင်မှုဥပဒေ (ပထစဥပဒေအမှတ် ၉/၂၀၁၅)

(၁၁) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ (ပထစဥပဒေအမှတ် ၂၃/၂၀၁၅)

(၁၂) အထူးကုန်စည်ခွန်ဥပဒေ (ပထစဥပဒေအမှတ် ၁၇/၂၀၁၇)

(၁၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ( ပထစဥပဒေအမှတ် ၄၀/၂၀၁၆)

(၁၄) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (ပထစဥပဒေအမှတ် ၂၉/၂၀၁၇)

**(ခ) စိစစ်နေသည့်ဥပဒေ (၅) ခု**

(၁) The Partnership Act (India Act 9, 1932, Vol. IX)

(၂) မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးဥပဒေ (နဝတဥပဒေအမှတ် ၁၄/ ၁၉၉၃)

(၃) အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေ (နယကဥပဒေအမှတ် ၁၈/၂၀၁၀)

(၄) စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ( ပထစ ဥပဒေအမှတ် ၁၀/၂၀၁၄)

(၅) စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၂၈/၂၀၁၄)

**(ဂ) စိစစ်ရန်ရှိသည့် ဥပဒေ (၁၂) ခု**

(၁) The Weights and Measures of Capacity Act (India Act, No.31/1871, Vol. V)

(၂) The Negotiable Instruments Act (India Act 26, 1881, Vol. X)

(၃) The Myanmar Companies Act (India Act 3, 1914, Vol. IX)

(၄) The Sale of Goods Act (India Act 3, 1930, Vol. III)

(၅) The Measuring Basket Standardization Act (India Act, 1/1939, Vol. V)

(၆) The Measures of Length Act (India Act 2, 1889, Vol. V)

(၇) The Court Fees Act (India Act 7, 1970, Vol. XII)

(၈) အထူးကုမ္ပဏီအက်ဥပဒေ (ဥပဒေအမှတ် ၅၄/၁၉၅၀ ပြည့်နှစ်၊ အတွဲ ၉)

(၉) ကောက်ပဲသီးနှံလယ်ယာခြံထွက်ပစ္စည်းဝယ်ယူမှု စည်းမျဉ်းသတ်မှတ်ရေး ဥပဒေ (ဥပဒေအမှတ် ၄၅/၁၉၆၂ ခုနှစ်)

(၁၀) နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ(နဝတဥပဒေအမှတ် ၉/၁၉၈၉)

(၁၁) အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေ (နဝတဥပဒေအမှတ် ၁၃/၁၉၉၁) (ယခင်အမည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေကို ၁၄/၂၀၁၁ ဖြင့် ပြင်ဆင်ထားပါသည်။)

(၁၂) အကောက်ခွန်နှုန်းဥပဒေ (နဝတဥပဒေအမှတ် ၂/၁၉၉၂)

**ကော်မတီ၏ ဆောင်ရွက်ချက်များ**

၁၂။ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် ဟိုတယ်နှင့်ခရီးသွား လာရေး ဝန်ကြီးဌာနနှင့် တွေ့ဆုံဆွေးနွေးရာတွင် ခေတ်ကာလနှင့် မလျော်ညီသော ငှားရမ်းခ နည်းနေသည့် ဟိုတယ်များအား ငှားရမ်းခများ တိုးမြှင့်သတ်မှတ်နိုင်ရေး အကြံပြုဆွေးနွေး ခဲ့ပါသည်။ ကော်မတီ၏ အကြံပြုချက်အရ-

| | | |
|---|---|---|
| **မိတ္ထီလာဟိုတယ်** | - | **တစ်နှစ်ငှားရမ်းခ ကျပ်သိန်း(၅၀)** မှ ကျပ်သိန်း **(၅၅၀)** သို့ လည်းကောင်း၊ |
| **သရပါဟိုတယ်** | - | **တစ်နှစ်ငှားရမ်းခ** ကျပ်သိန်း **(၇၅၀)** မှ ကျပ်သိန်း **(၁၁၂၅)** သို့ လည်းကောင်း၊ |
| **ပုဂံ-သံတဲဟိုတယ်** | - | **တစ်နှစ်ငှားရမ်းခ** ကျပ်သိန်း **(၁၀၀၀)** မှ ကျပ်သိန်း **(၁၂၀၀)** သို့ လည်းကောင်း၊ |
| **Panorama Hotel** | - | **တစ်နှစ်ငှားရမ်းခ** ကျပ်သိန်း **(၅၀၀)** မှ **ကျပ်သိန်း (၅၇၅)** သို့ လည်းကောင်း တိုးမြှင့်သတ်မှတ်နိုင်ခဲ့ပါသည်။ |

၁၃။ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် **မြမန္တလာဟိုတယ်** နှင့် **ကရဝိတ်ခန်းမ** တို့ကို **ငှားရမ်းသက်တမ်းကုန်လျှင် တင်ဒါစနစ်ဖြင့်** ငှားရမ်းရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအား အကြံပြုခဲ့ပါသည်။

**မူကြမ်း**

၁၄။ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်း (မူဆယ်) က တရုတ်နိုင်ငံအတွင်းရှိ ၎င်းတို့၏ ဘဏ်ငွေစာရင်းများ အပိတ်ခံရသည့်ကိစ္စကို ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီအား အကူအညီ တောင်းခံခဲ့ပါသည်။ ကော်မတီသည် အဆိုပါကိစ္စနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ၎င်းလုပ်ငန်းရှင်များအသင်းကို ကော်မတီ၌ ဖိတ်ကြားတွေ့ဆုံ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် တဖက်နိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုခဲ့ပါသည်။

**ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ**

၁၅။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကော်မတီနှင့် သက်ဆိုင်သည့် ဥပဒေများကို အသစ်ရေးဆွဲ၊ ပြင်ဆင်၊ ပယ်ဖျက်ရန် ဆက်လက်စိစစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ခ) စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

(ဂ) သက်ဆိုင်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကော်မတီအနေဖြင့် ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံသွားမည်ဖြစ်ပါသည်။

**ကော်မတီ၏အကြံပြုချက်**

၁၆။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အနေဖြင့် အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါသည်-

(က) ကော်မတီအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်ဆန်ထိရောက်စေရေး အတွက် ဖိတ်ကြားခံရသော သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အဆုံးအဖြတ် ပေးနိုင်သော တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးရန် လိုအပ်ပါသည်။

(ခ) စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ဆောင်နိုင်ရန်အတွက် ကော်မတီအဖွဲ့ဝင်များ ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာခြင်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများသို့ သွားရောက် လေ့လာခြင်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများမှ ကျင်းပပြုလုပ်သည့် Workshop, Seminar, Trainin g တက်ရောက်စေခြင်းများ လုပ်ဆောင်ရန် လိုအပ်ပါသည်။

(ဂ) မိမိတို့ သက်ဆိုင်သည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များ လက်တွေ့ကျပြီး မှန်ကန်

ထိရောက်စေရေးအတွက် လိုအပ်ချက်များရှိပါက အခါအားလျော်စွာ ကွင်းဆင်း လေ့လာခြင်းများ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

**နိဂုံး**

၁၇။ ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် သက်ဆိုင်သော ဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်သွားမည်ဖြစ်ပါသည်။ စိစစ်ရန် ကျန်ရှိသည့် ဥပဒေများကို ဆက်လက် စိစစ်ဆောင်ရွက်လျက်ရှိပြီး လွှတ်တော်က ပေးအပ် သည့် တာဝန်များကိုလည်း ကျေပွန်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ် ပါသည်။

## ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း ၍ ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၈-၁၁-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ် ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ၂၉-၈-၂၀၁၈ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက် မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၃၁-၈-၂၀၁၈ ရက်နေ့နောက်ဆုံး ထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ ဒေါ်တင်တင်ရီ၊ ကျွန်းစုမဲဆန္ဒနယ်က အမည်စာရင်း တင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက်အဆို

တင်သွင်းတဲ့လွှတ်တော်ကိုယ်စားလှယ်နဲ့ သက်ဆိုင်ရာဌာနများမှတာဝန်ရှိ ပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမား၊ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်(၁၃)ချက်ကို သဘောတူသင့်ကြောင်းနှင့် (၁၂)ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၁၃)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းအေး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ရှမ်းပြည်နယ်၊ မိုင်းရှူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့တာဝန်ပေးချက်အရ တောင်သူလယ်သမား၊ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏စိစစ်တင်ပြချက်ကို တင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာတဲ့ တောင်သူလယ်သမား၊ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ဖြစ်တဲ့ ၂၃-၅-၂၀၁၈ ရက်နေ့မှာ ပြင်ဆင်ချက်များနဲ့အတည်ပြုခဲ့ပြီးတဲ့နောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ၁၇-၈-၂၀၁၈ ရက်နေ့မှာကျင်းပတဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပေးပို့လာပါသည်။

၂။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ဖြစ်တဲ့ ၂၉-၈-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)မှာ လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၃၁-၈-၂၀၁၈ ရက်(သောကြာနေ့)နောက်ဆုံးထားပြီး တင်သွင်းနိုင်ကြောင်း ကြေညာခဲ့ရာမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)က ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများတင်သွင်းလာပါတယ်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်တင်ရီ(ကျွန်းစုမဲဆန္ဒနယ်)၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၃-၉-၂၀၁၈ ရက်(ကြာသပတေးနေ့)မှာ ညှိနှိုင်းအစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ခဲ့ပါတယ်။

**မူကြမ်း**

၄။ ယင်းညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့တဲ့အချက်များအနက်မှ အောက်ဖော်ပြပါ အချက်(၁၃)ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ အဆိုပါဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်(၁၃)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (က) | ၂ မှ ၅ | ၃၊ ၇၊ ၈၊ ၁၀ | အပိုဒ် ၃{ပုဒ်မ ၃ ပုဒ်မခွဲ(စ)ကိုပြင်ဆင်ခြင်း}၊ အပိုဒ် ၄{ပုဒ်မ ၄ ပုဒ်မခွဲ(ဂ)ကိုပြင်ဆင်ခြင်း}၊ အပိုဒ် ၅{ပုဒ်မ ၄-ကကိုဖြည့်စွက်ခြင်း}၊ အပိုဒ် ၆{ပုဒ်မ ၅ ပုဒ်မခွဲ(ခ)ကို ပြင်ဆင်ခြင်း} |
| (ခ) | ၈ မှ ၁၀ | ၁၄၊ ၁၅၊ ၁၆ | အပိုဒ် ၈{ပုဒ်မ ၆ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၂၃ တို့ကို ပြင်ဆင်ခြင်း}၊ အပိုဒ် ၁၀{ပုဒ်မ ၇ ပုဒ်မခွဲ(က) ကိုပြင်ဆင်ခြင်း}၊ အပိုဒ် ၁၁{ပုဒ်မ ၈ ကို ပြင်ဆင်ခြင်း} |
| (ဂ) | ၁၂ မှ ၁၇ | ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄ | အပိုဒ် ၁၃{ပုဒ်မ ၉ ပုဒ်မခွဲ(စ)ကိုပြင်ဆင်ခြင်း}၊ အပိုဒ် ၁၅ {ပုဒ်မ ၁၃ ကို ပြင်ဆင်ခြင်း}၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈{ပုဒ်မ ၂၀ ပုဒ်မခွဲ(က)ကိုပြင်ဆင်ခြင်း}၊ အပိုဒ် ၁၉{ပုဒ်မ ၂၀ ပုဒ်မခွဲ(င)နှင့်(စ)ကိုပြင်ဆင်ခြင်း}၊ အပိုဒ် ၂၀{ပုဒ်မ ၂၀ ပုဒ်မခွဲ(ဆ)ကိုဖြည့်စွက်ခြင်း} |

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် (၁၃)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ပြင်ဆင်ချက်အပေါ်မှာ အတည်ပြုနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမား၊ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၁၃)ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့အချက် (၁၃)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူကြောင်းနှင့် ၎င်းဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမား၊ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအပေါ် သဘောမတူတဲ့အချက်(၁၂)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းအေး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း သဘောတူညီခဲ့တဲ့ အချက်(၁၂)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယားကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူညီခဲ့တဲ့အချက်(၁၂)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါတယ်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၃ | ၁၊ ၂၊ ၄၊ ၅၊ ၆ | အပိုဒ် ၂၊ အပိုဒ် ၃ ခေါင်းစဉ်၊ အပိုဒ် ၃{အမျိုးသားလွှတ်တော်၏အတည်ပြုချက် ပုဒ်မ ၃ ပုဒ်မခွဲ(ဆ)ကို ပယ်ဖျက်ခြင်း}၊ အပိုဒ် ၄ ခေါင်းစဉ်၊ အပိုဒ် ၄၊ ပုဒ်မ ၄ ပုဒ်မ ခွဲ(က)နှင့်(ခ)တို့ကို မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိခြင်း၊ |
| (ခ) | ၄ မှ ၅ | ၉၊ ၁၁ | အပိုဒ် ၆{ပုဒ်မ ၅ ပုဒ်မခွဲ(က)ကိုပြင်ဆင်ခြင်း}၊ အပိုဒ် ၆ {ပုဒ်မ ၅ ပုဒ်မခွဲ(ဂ)ကိုပြင်ဆင်ခြင်း} |
| (ဂ) | ၆ မှ ၈ | ၁၂၊ ၁၃ | အပိုဒ် ၆{ပုဒ်မ ၅ ပုဒ်မခွဲ(ဌ)ကိုပြင်ဆင်ခြင်း}၊ အပိုဒ် ၇ {ပုဒ်မ ၅ ပုဒ်မခွဲ(ဃ)ကိုပြင်ဆင်ခြင်း} |
| (ဃ) | ၁၁ မှ ၁၂ | ၁၇၊ ၁၈ | အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အပိုဒ် ၁၂ ကို ပယ်ဖျက်ခြင်း၊<br>အမျိုးသားလွှတ်တော်၏အတည်ပြုချက် အပိုဒ် ၁၃ ကို |

| | | | |
|---|---|---|---|
| | | | မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိခြင်း |
| (င) | ၁၇ | ၂၅ | အပိုဒ် ၂၁ |

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်ရဲ့အတည်ပြုချက်အတိုင်းထားရှိမယ့် အချက်(၁၂)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ထားရှိမယ့်အချက်(၁၂)ချက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သဘောတူပါကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမား၊ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၁၂)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တောင်သူလယ်သမား၊ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်(၁၂)ချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦး က အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တောင်သူလယ်သမား၊ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်(၁၂)ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီ၏ ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်ကအတည်ပြုပြီး ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို

ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုကို တင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဌေးငွေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးဌေးငွေ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ ကျွန်တော်ဒီနေ့တင်သွင်းမယ့်အဆိုကတော့ တောင်သူလယ်သမား၊ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာခြင်းအပေါ် သဘောထားကွဲလွဲသည့်အချက်(၁၂)ချက်ကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ (က) အရ အဆို တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော တောင်သူလယ်သမား၊ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ဖြစ်သည့် ၂၃-၅-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ၎င်းဥပဒေကြမ်းကို ၁၇-၈-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၏အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း အမျိုးသားလွှတ်တော်၏ ၁၇-၈-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၈-၄၈၀ ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏အတည်ပြုချက်အတိုင်းထားရှိမည့် အချက်(၁၂)ချက်သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲခဲ့ပါတယ်။ ထိုသို့ သဘောထားကွဲလွဲသည့်အချက်(၁၂)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့အချက်(၁၂)ချက်နှင့်ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)နှင့် (ခ) တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၂း၀၅ နာရီအချိန် တွင် ရပ်နားပါသည်။]

**မူကြမ်း**

မူကြမ်း

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ (၂၇.၁၁.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Dr Tun Naing    U Naing Naing Win




Dr Tun Naing    Daw Khin Than Nu




Dr Tun Naing    U Nay Myo Htet




U Hla Kyaw    Daw Khin Saw Wai




U Sai Oo Kham    U Hla Kyaw




U Hla Kyaw    Daw Aye Mya Mya Myo



U Hla Kyaw



U Nyan Hein

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်